စိတ်ကူးချိုချိုအနုပညာ

# နတ်သဘင်အစည်းအဝေးမှ ဗုဒ္ဓဓမ္မခြောက်စောင်တွဲ

**ဦးသော်ဇင်**




ဒုတိယအကြိမ်

သန္တိသုခ၊ အိုအလှ

ချမ်းမြကြည်လင်၊ ရောင်မျက်ရှင်ကို

တွေ့ချင်သည့်တွက်၊ အပြင်ထွက်၍

ရက်ဆက်မနား၊ မြို့ရွာများနှင့်

တောင်ကြားချောက်မြောင်၊ တောသုံးတောင်၌

စုံအောင်ပတ်ချာ၊ လှည့်လည်ရှာလည်း

ဘယ်မှာတွင်မျှ၊ မတွေ့ရ၍

နွမ်းလျခွေကာ၊ ပြန်ရောက်လာမှ

ရောင်ဝါလဲ့ပြုံး၊ အလှဆုံးကို

နှလုံးသားတွင်၊ ရတ်ခြည်းမြင်သည်

အရှင်ရက်စက်–လွန်းတကား။ ။

UTZ0012

1,300.00 KS

စိတ်ကူးချိုချိုအနုပညာ
၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း–၅၄၆၈၄၅၊ ၅၄၈၂၀၈

နတ်သဘင်အစည်းအဝေးမှပုဒ္ဓမမ္မပြောက်စောင်တွဲ၊ ဦးသော်ဇင်
မျက်နှာဖုံးပန်းချီ - သီဟတေဇ
စာမျက်နှာ ၁၀၆ မျက်နှာ၊ ၁၆ စင်တီ× ၁၈ • ၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၈၁ စာပေပေါင်းကူး၏ ပထမအကြိမ်မူ။

ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# နတ်သဘင်အစည်းအဝေးမှ ဗုဒ္ဓဓမ္မခြောက်စောင်တွဲ

ဦးသော်ဇင်

ဒုတိယအကြိမ်၊ ၂၀၁၇

## မာတိကာ


| | | |
|---|---|---|
| ၁။ | အာသီသ | – |
| ၂။ | မဟာနတ်ပွဲ | ၁ |
| ၃။ | ရောဟိဏီမြစ် | ၂ |
| ၄။ | မြစ်ရေပြဿနာ | ၃ |
| ၅။ | ငြိမ်းချမ်းရေး တမန်တော် | ၆ |
| ၆။ | အတ္တဒဏ္ဍသုတ် | ၉ |
| ၇။ | နတ်အစည်းအဝေး | ၁၃ |
| ၈။ | အမွှမ်း | ၁၆ |
| ၉။ | မြန်မာပြန် | ၂၂ |
| ၁၀။ | မဟာသမယသုတ် | ၂၅ |
| ၁၁။ | ၃၇–မင်း | ၄၂ |
| ၁၂။ | နတ်ပြဿနာ | ၅၀ |
| ၁၃။ | စရိုက်ခြောက်ပါး | ၆၁ |
| ၁၄။ | ဗုဒ္ဓ ဓမ္မ ခြောက်စောင်တွဲ | ၆၇ |
| ၁၅။ | သမ္မာပရိဗ္ဗာဇနီယသုတ် | ၇၂ |

၁၆။ ကလဟာဝိဝါဒသုတ် ၇၇
၁၇။ မဟာဗျူဟသုတ် ၈၃
၁၈။ စူဠဗျူဟသုတ် ၉၀
၁၉။ တုဝဋ္ဋကသုတ် ၉၅
၂၀။ ပုရာဘေဒသုတ် ၁၀၁
၂၁။ နိဂုံး ၁၀၆

# အာသီသ

သာသနဿ စ လောကဿ
ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ၊
သာသနမ္ပိ စ လောကဉ္စ
ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

| | |
|---|---|
| သာသနဿ စ | – သာသနာတော်၏ လည်းကောင်း၊ |
| လောကဿ စ | – လူအပေါင်း၏ လည်းကောင်း၊ |
| သဗ္ဗဒါ | – အခါခပ်သိမ်း၊ |
| ဝုဍ္ဎိ | – ကြီးပွားခြင်းသည်၊ |
| ဘဝတု | – ဖြစ်ပါစေသတည်း၊ |
| သာသနမ္ပိ စ | – သာသနာတော်ကို လည်းကောင်း၊ |
| လောကဉ္စ | – လူအပေါင်းကို လည်းကောင်း၊ |
| ဒေဝါ | – နတ်တို့သည်၊ |
| သဗ္ဗဒါ | – အခါခပ်သိမ်း၊ |
| ရက္ခန္တု | – စောင့်စေကုန်သတည်း။ |

သရက်ပင်အောက်၊ အဆွေရောက်က
ထိန်တောက်ဝင်းဝါ၊ အသီးသာလျှင်
စားပါမြိန်ရှက်၊ သရက်ရွက်ကို
ရေတွက်ခြင်းဖြင့်၊ ကိုယ့်အခွင့်ကို
လေးမြင့်ရှည်ကြာ၊ မဖြုန်းရာတည့်။

အဆိပ်လူးမြား၊ စူးဝင်သွားက
သမားလုပ်သူ၊ ဘယ်ကလူ ဟု
အဖြူ–အဝါ၊ မစစ်ပါဘဲ
လျင်စွာမယွင်း၊ အဆိပ်ကင်းဖို့
ချက်ချင်း အရေးကြီးပါသည်။

**သော်ဇင်**

**၃၃–၅–၈၀**

# နတ်အစည်းအဝေးမှ ဗုဒ္ဓဓမ္မ ခြောက်စောင်တွဲ

---

### မဟာနတ်ပွဲ

သည်ချိန်ခါ၌ အာဋ္ဌာနာဋ္ဌ
ကုဝေရနှင့် ယက္ခတွင်ဘိ
မဟိဒ္ဓိတာနော ကုမ္ဘောဂန္ဓဗ္ဗ
ဒေဝယက္ခာ သာတာဂီရိ
မည်ရှိစိုးမှူး နတ်ဘီလူးတို့
သုံးဦးပရမေ ဂုဏ်မြတ်တော်ကို
ဖူးလေတုံမြောက် လက်ပမ်းပေါက်ဖြင့်
ဝမ်းမြောက်ဝမ်းသာ စေတနာနှင့်
သဒ္ဓါရှင်မြူး ကြည်ညွတ်နူးသည်
ဘီလူးသွားကို လ ဖြတည်း။

**ရှင်ဥတ္တမကျော်တောလား (၂)**

[ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော် ဒီဃနိကာယ်ဝင် သုတ္တန်ပိဋကတ် မဟာဝဂ် ပါဠိတော် မဟာသမယသုတ် မြန်မာပြန်၌

မဟာသမယကို နတ်အစည်းအဝေးဟု ပြန်ဆို၏။ နတ်အစည်းအဝေး ဟူသည်မှာ စင်စစ် နတ်သဘင် နတ်ပွဲကြီးပင် ဖြစ်၏။ ဤတွင်ကား ဗုဒ္ဓဓမ္မ ခြောက်စောင်တွဲနှင့် ကာရန်ယူပြီး **မဟာနတ်ပွဲ** ဟု မှည့်ခေါ်လိုက်ခြင်း ဖြစ်၏။ သို့ဖြင့် ဆိုလိုရင်းအချက်ကို ပိုမိုလေးနက်စေလျက် ခေါ်ဝေါ်ရန်အတွက်လည်း သက်သောင့် သက်သာ လွယ်ကူသွားပြီးလျှင် အရေးကြီးသော ဗုဒ္ဓဓမ္မ ခြောက်စောင်ကို လေ့လာခွင့်လည်း လမ်းပွင့်သွားနိုင်၏။]

## ရောဟိဏီမြစ်

မဟာနတ်ပွဲဟု ခေါ်ဆိုသော မဟာသမယသုတ် ဖြစ်ပေါ်လာခြင်း အကြောင်းရင်းမှာ ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့၏ စပ်ကြား၌ရှိသော ရောဟိဏီမြစ်နှင့် ဆက်စပ်နေ၏။ ထို့ကြောင့် ရှေးဦးစွာ ထိုနှစ်ပြည်ထောင်နှင့် ရောဟိဏီမြစ် တည်နေပုံကို အာရုံပြုသင့်၏။

ကပိလဝတ် (ကပိလဝတ္ထု) ပြည်သည်ကား သက္ကတိုင်း၏ မြို့တော်ဟောင်း ဖြစ်၏။ ထိုပြည်ကို ယခုအခါ 'နဂရခါဆ်' ဟု ခေါ်ကြ၏။

သက္ကတိုင်းမှာ ဟိမဝန္တာ (ဟိမာလယ) တောင်၏အနီးနီပေါ (နေပါလ) ပြည်နယ်အတွင်း တစ်စိတ်တစ်ဒေသ ပါဝင်၍ အများအားဖြင့် အိန္ဒိယပြည်နယ်အတွင်းမှာ တည်ရှိ၏။ အနောက်ဘက်က ကောသလတိုင်း၊ အရှေ့ဘက်က မလ္လတိုင်းတို့၏အကြား အယောဇ္ဈာနယ် အရှေ့ပိုင်း မြောက် လောင်ဂျီတွဒ် (၈၂˚) နှင့် (၈၄˚) ဒီဂရီ၊ အရှေ့လတ္တီတွဒ် (၂၆˚) နှင့် (၂၈˚) ဒီဂရီ အတွင်းမှာ တည်ရှိ၏။

တရုတ်ဘုန်းကြီး ဖာဟီယန်နှင့် ဟူယင်ဆန်တို့၏ ဘုရားဖူး ခရီးသွားမှတ်တမ်းမှာကား ကပိလဝတ်မြို့ဟောင်းနေရာသည် လုမ္ဗိနီဉယျာဉ်မှ အနောက်မြောက် (၁၃) မိုင်ကွာနှင့် ကောက်လိ ဟဝါ မှ မြောက်ဘက်ရှိ ရေအိုင်အနီးမှာ တည်ရှိသည်ဟု ဆို၏။ စင်စစ် ယင်းနေရာသည်လည်း နဂရခါဆ် အရပ်ပင် ဖြစ်၏။

ကောလိယပြည်သည် လာဘ်ပေါများသော အရာ၌ ဧတဒဂ် ရသော ရှင်သီဝလိ ကိုယ်တော် ဖွားမြင်တော်မူရာအရပ် ဖြစ်၏။ ထိုပြည်ကို ယခုအခါမှာ 'အမ္ဗကိုဟီလ်' ဟု ခေါ်ကြ၏။ အမ္ဗကိုဟီလ် ဟု ခေါ်ကြသော ကောလိယပြည်သည် ကပိလဝတ်ပြည်၏ အရှေ့ ဘက် (၁၁) မိုင်ကျော် အကွာ၌ တည်ရှိ၏။

သကျသာကီဝင်မင်းမျိုးတို့ တည်ထောင်သော မြို့များမှာ (၁) ကပိလဝတ္ထု၊ (၂) ကောလိယ၊ (၃) ဒေဝဒဟ၊ (၄) ပဇ္ဇုနှင့် (၅) မောရိယတို့ဖြစ်၏။ ဤ သကျငါးပြည်ထောင်တို့တွင် ကော လိယပြည်သည် ဒုတိယမြောက် တည်ထောင်သောမြို့ ဖြစ်၏။

ရောဟိဏီမြစ်သည်ကား ထိုကပိလဝတ်ပြည်နှင့် ကောလိယ ပြည်၏ စပ်ကြားမှာ တည်ရှိ၏။ ဤမြစ်သည် ယခုအခါ ရာပတီ ဟုခေါ်သော အစီရဝတီမြစ်၏ လက်တက်တစ်ခု ဖြစ်၏။ ယခု အခါ ရောဟိဏီမြစ်ကို 'ကိုဟန်' ဟု ခေါ်ကြ၏။ ကောလိယပြည် သည် ရောဟိဏီမြစ်၏ အရှေ့ဘက်ကမ်းမှာ တည်ရှိ၍ ကပိလဝတ် ပြည်သည် ထိုမြစ်၏ အနောက်ဘက်ကမ်း၌ တည်ရှိ၏။

## မြစ်ရေ ပြဿနာ

ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့၏ စပ်ကြား၌ တည်ရှိသော ရောဟိဏီမြစ်သည်ကားငါးကြင်းမြီးကဲ့သို့ နှစ်ခွ

ရှိ၏။ ငါးကြင်းမြီး အသွင်သဏ္ဍာန် နှစ်ခွ ဖြစ်သောကြောင့် ထို မြစ်ကို ငါးကြင်းဟု အဓိပ္ပာယ်ရှိသော သဒ္ဒါဖြင့် ရောဟိဏီဟု ခေါ်ကြခြင်း ဖြစ်၏။ ရောဟိဏီမြစ်ကို မြန်မာလို ငါးကြင်းမြစ်ဟု ဆိုနိုင်၏။ ထိုမြစ်၏ အခွ နှစ်ခွတွင် တစ်ခွကို ပိတ်လိုက်လျှင် တစ်ဖက်၌ ရေများစွာ လာ၍ လယ်ယာတို့၌ ရေဝင်၏။ ထိုအခါ နယုန်လ၌ ကောက်ပင်တို့ ရေလုံလောက်စွာ မသောက်ရ၍ ညှိုး ကုန်သည်ရှိသော် ထိုနှစ်ပြည်ထောင်၌ရှိသော လယ်လုပ်သားတို့ သည် စည်းဝေးကြ၏။

ကောလိယ – "ဤရေကို နှစ်ဖက် နှစ်ဌာနက ယူကြလျှင် သင်တို့အား လည်းကောင်း၊ ငါတို့အား လည်းကောင်း မလုံ မလောက် ဖြစ်လိမ့်မည်။ ငါတို့၏ ကောက်ပင်သည် ရေတစ်ကြိမ် မျှ လုံလုံလောက်လောက် သောက်လိုက်ရလျှင် ကောင်းစွာ အောင် လိမ့်မည်။ ထို့ကြောင့် ဤရေကို ငါတို့အား ပေးပါကုန်လော"

ကပိလဝတ် – "သင်တို့၏ ကျီကြ၌ ကောက်ပဲသီးနှံတို့ဖြင့် ပြည့်ကုန်သည်ရှိသော် ငါတို့သည် ရွှေငွေ အသပြာတို့ကို ယူဆောင် ၍ တောင်း ပလုံး စသည်တို့ကို လက်စွဲကုန်လျက် သင်တို့၏ အိမ်တံခါးဝ၌ လှည့်လည်ကြရမည်လော။ ငါတို့၏ ကောက်ပင် တို့သည်လည်း တစ်ကြိမ်မျှ ရေကို လုံလောက်စွာ သောက်ကြရပါ လျှင် အောင်လိမ့်မည်။ ထို့ကြောင့် ရေကို ငါတို့အား ပေးကုန် လော"

ကောလိယနှင့် ကပိလဝတ် နှစ်ပြည်လုံးပင် ရေကိုသာ လို ချင်ကြ၏။ ရှိသမျှ ရေကို ဝေခြမ်း မျှတ၍ ယူရန်လည်း မဖြစ်။ နှစ်ဖက်လုံးပင် အကျိုးမရှိ ဖြစ်မည်။ တစ်ဖက်က မယူဘဲ နေမှသာ အခြားတစ်ဖက်၌ ရေလုံလောက်မည်။ သို့ရာတွင် ဘယ်ဘက်ကမှ

အလျှော့မပေးချေ။ ရွှေငွေကိုပင် မလိုချင်၊ ရေကိုသာ လိုချင်ကြ၏။ သို့ဖြင့် ငြိမ်းချမ်းရေး အစည်းအဝေးမှာ တစ်စ တစ်စနှင့် ဆူပူရေး ဖြစ်လာ၏။

ကောလိယ – "သင်တို့သည် ကပိလဝတ်မင်းတို့ကို ဦးထိပ်ထားပြီး ဝါကြွားကြ၏။ သင်တို့၏ ကပိလဝတ် မင်းမျိုးတို့သည် ခွေး ဝက်တို့နှင့် ဘာမျှ မထူးကြ။ မိမိတို့၏ နှမရင်းနှင့် အိမ်ထောင်ကြ၏။ ထို တိရစ္ဆာန်ကဲ့သို့သော ကပိလဝတ်မင်းတို့၏ ဆင် မြင်း ဗိုလ်ခြေ လက်နက်တို့ကို ငါတို့ အမှုမထား"

ကပိလဝတ် – "သင်တို့သည် အနူအဝဲ မင်းများကို ဦးထိပ်ထားပြီး ဝါကြွားကုန်သလော။ သင်တို့၏ ကောလိယမင်းတို့သည် အနူအဝဲများ ဖြစ်ကြ၏။ နေစရာ မရှိ၍ ကလောပင်၏ အခေါင်းထဲ ဝင်၍ နေခဲ့ကြရ၏။ ထို ကောလိယမင်းတို့၏ ဆင် မြင်း ဗိုလ်ခြေ လက်နက်တို့ကို ငါတို့ လုံးဝ ဂရုမစိုက်"

ဤသို့ စသည်ဖြင့် ငြိမ်းချမ်းရေး အစည်းအဝေးမှာ အကျယ်အကျယ် မငြိမ်းဖွယ် ဖြစ်လာ၏။ တောင်သူလယ်သမားတို့ အပြန်အလှန် ပြောကြားသော စကားမှာ ပိုမို ကားပြန့်ကျယ်ဝန်းပြီး နှစ်ဖက်သော မင်းတို့၏ နားသို့ အသီးသီး ရောက်သွား၏။ တစ်ဆင့် ကြားရသော စကားမှာ ပို၍ ဆိုးရွားတတ်သည့်အတိုင်း မင်းမျိုးတို့မှာ အသည်း ကွဲခတ်သကဲ့သို့ ဆတ်ဆတ်ခါ နာကြည်းသွားကြ၏။

ကပိလဝတ် မင်းမျိုးတို့သည်– "မောင်နှမချင်း အိမ်ထောင်ပြုသော ငါတို့၏ သတ္တိကို သိစေအံ့" ဟု ကြုံးဝါးလျက် စစ်မက်အင်္ဂါကို စီမံလျက် ထွက်ကြ၏။

ကောလိယ မင်းမျိုးတို့လည်း – "ကလောပင်ခေါင်းမှာ နေ

သော ငါတို့၏ စွမ်းအင်ကို တွေ့မြင်လိမ့်မည်” ဟု ကြုံးဝါးလျက် စစ်မက်အင်္ဂါကို စီမံလျက် ထွက်ကြ၏။

မကြာမီ အချိန်အတွင်းမှာ ရောဟိဏီမြစ် ကမ်းပါးနှစ်ဖက်၌ နှစ်ဖက်သော စစ်တပ်မှ စစ်တူရိယာသံတို့သည် ဘဝဂ်လျှံမျှ ဆူညံ၍နေ၏။

## ငြိမ်းချမ်းရေး တမန်တော်

မြတ်စွာဘုရားသည် မိုးသောက်၌ မဟာကရုဏာ သမာပတ်မှ ထ၍ လောကကို ကြည့်တော်မူသော် စစ်မက်အင်္ဂါ စီမံ၍ ထွက်သော မင်းမျိုးတို့ကို မြင်တော်မူ၏။ အကယ်၍ ဤအရပ်သို့ ငါသွားလျှင် ဤရန်သည် အေးငြိမ်းလိမ့်မည်ဟု ဆင်ခြင်တော်မူပြီးလျှင် ကိုယ်တော် တစ်ပါးတည်း ကြွတော်မူ၏။ ထိုအရပ်သို့ ရောက်သော် စစ်သည်တို့၏ အလယ် ကောင်းကင်ဝယ် ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။

ထိုအခါ နှစ်ဖက်သော စစ်တပ်မှ စစ်သည်ဗိုလ်ပါတို့သည် ရောင်ခြည် ခြောက်သွယ်ဖြင့် တင့်တယ် စံပယ်တော်မူသော ဘုရားသခင်ကို ဖူးမြင်ကြရ၍ အသီးသီး မိမိတို့၏ လက်နက်များကို စွန့်ပစ်ကြပြီးလျှင် မြတ်စွာဘုရား၏ ထံပါးသို့သွား၍ ဝပ်တွားခစားနေကြ၏။

မြတ်စွာဘုရား – “မင်းအများတို့ သင်တို့သည် ဘယ်အကြောင်းကြောင့် ဤအရပ်သို့ ကပ်ရောက်ကြသနည်း”

မင်းများ – “မြတ်စွာဘုရား ကျွန်ုပ်တို့သည် ဤအရပ်သို့ ကပ်ရောက်ကြသည်မှာ အပျော်အပါး ကစားကြရန် မဟုတ်ကြပါ။ စင်စစ်သော်ကား မြစ်ရေအတွက် စစ်တိုက်ရန် ဖြစ်ပါသည်”

မြတ်စွာဘုရား – “မင်းအများတို့ ရေသည် အဘယ်မျှ အဖိုး ထိုက်တန်ပါသနည်း”

မင်းများ – “အရှင်ဘုရား ရေသည် အနည်းငယ်မျှသာ ထိုက်တန်ပါသည်”

မြတ်စွာဘုရား – “မင်းအများတို့ လူသည် အဘယ်မျှ အဖိုး ထိုက်တန်ပါသနည်း”

မင်းများ – “အရှင်ဘုရား လူသည် အဖိုးအနဂ္ဃ ထိုက်တန် ပါသည်”

မြတ်စွာဘုရား – “မင်းအများတို့ အဖိုးအနည်းငယ်သာ ထိုက်တန်သော ရေအတွက် အဖိုးအနဂ္ဃ ထိုက်တန်သော လူတို့ကို အဘယ်အတွက် ဖျက်ဆီးကြမည်နည်း။ ခိုက်ရန် ဖြစ်ပွားရာ၌ သာ ယာဖွယ် မရှိချေ”

ထို့နောက် မြတ်စွာဘုရားသည် ခိုက်ရန် ဖြစ်ပွားခြင်း၏ အပြစ်နှင့် ခိုက်ရန်မဖြစ်ဘဲ သင့်တင့်ညီညွတ်စွာ နေခြင်း၏ အကျိုး တရားတို့ကို ဆက်လက် ဟောကြားတော်မူ၏။

အရာ မဟုတ်သည်၌ အထအန ကောက်ကာ ရန်လုပ်၍ ရက္ခစိုး တစ်ဦးနှင့် ဝက်ဝံသည် ကမ္ဘာပတ်လုံး ရန်မဆုံးနိုင်သော ‘ဖန္ဒနဇာတ်’ ကို ဟောတော်မူ၏။

သူတစ်ပါး ပြောတိုင်းလည်း မယုံကြည်ရာ။ ယုန်တစ်ကောင် ၏ စကားကြောင့် ဟိမဝန္တာ၌ သားသတ္တဝါတို့သည် သမုဒ္ဒရာတွင်း သို့ ပြေးဆင်းကြရသော ‘ပထဝီဥန္ဒြိယဇာတ်’ ကို ဟောတော်မူ၏။

တစ်ဖက်သားကို အင်အားနည်းပါးသည်ဟု မထီမဲ့မြင် မပြု ရာ။ ဗီလုံးငှက်ငယ်မသည်လည်း ဆင်ပြောင်ကြီးကို အောင်နိုင်ခဲ့ ဖူးသော ‘လဋုကိကဇာတ်’ ကို ဟောတော်မူ၏။

အချင်းချင်း ပေါင်းစည်းညီညွတ်ပါလျှင် တစ်စုံတစ်ယောက်သည် မထိုးဖောက်နိုင်ချေ။ သစ်ပင် ချုံနွယ်တို့သည် အချင်းချင်း စုပေါင်း မှီတွယ်နေကြခြင်းကြောင့် ပြင်းထန်သော လေမုန်တိုင်း၏ ဒဏ်ကို ခံနိုင်သော 'ရုက္ခဓမ္မဇာတ်' ကို ဟောတော်မူ၏။

အချင်းချင်း မညီညွတ်ခြင်း၊ ခိုက်ရန်ဖြစ်ခြင်းကို စင်စစ် မနှစ်သက်အပ်ချေ။ ငုံးတို့သည် အချင်းချင်း ရန်ဖြစ်ခြင်းကြောင့် မုဆိုး၏ အလိုသို့ လိုက်ပါသွားကြရသော 'ဝဋ္ဋကဇာတ်' ကို ဟောတော်မူ၏။

မြတ်စွာဘုရား ဟောကြားသော တရားစကားကို နာကြားရသောအခါ စစ်သည်ဗိုလ်ခြေတို့သည် ခိုက်ရန်ဖြစ်ခြင်း၏ အပြစ်နှင့် ခိုက်ရန် မဖြစ်ခြင်း၏ အကျိုးအာနိသင်ကို ကောင်းစွာ တွေ့မြင်သွားကြ၏။

"အကယ်၍ မြတ်စွာဘုရား ကြွမလာခဲ့ပါလျှင် ငါတို့သည် အချင်းချင်း သတ်ဖြတ်၍ သွေးချောင်းစီးမည်။ ငါတို့၏ သား၊ မယား၊ ညီအစ်ကိုတို့ကို အိမ်တံခါးဝ၌ တွေ့မြင်ကြရတော့မည် မဟုတ်။ စာပေးစာယူ ဆောင်ယူမည့်သူပင် မရှိသလောက် ဖြစ်မည်။ မြတ်စွာဘုရားကို အမှီပြု၍ ငါတို့သည် မသေမကျေဘဲ အချင်းချင်း ချစ်ချစ်ခင်ခင်နှင့် မေတ္တာသက်ဝင်နိုင်ကြသည်" ဟု သဘောပေါက်ကာ မြတ်စွာဘုရား၏ထံ၌ ရဟန်းပြုလိုကြောင်း ခွင့်ပန်ကြ၏။

ထိုအခါ နှစ်ပြည်ထောင် မင်းတို့သည် အညီအညွတ် ဆွေးနွေး တိုင်ပင်ကြပြီးလျှင် ကပိလဝတ်မှ မင်းသား ၂၅၀၊ ကောလိယမှ မင်းသား ၂၅၀ ကို စိစစ်ရွေးချယ်ပြီးလျှင် လက်ရွေးစင် မင်းသား ၅၀၀ တို့ကို ရဟန်းပြုရန် မြတ်စွာဘုရားထံ အပ်နှံကြ၏။

မြတ်စွာဘုရားသည် သာကီဝင်မင်းသား ငါးရာတို့ကို ရဟန်းပြုပေးပြီးလျှင် မဟာဝုန်တောသို့ ခေါ်ဆောင်သွား၏။ ရဟန်းသစ်တို့သည် မဟာဝုန်တော၌ ရက်အတန်ကြာသောအခါမှာ ပျင်းရိငြီးငွေ့၍ လာကြ၏။ အများအားဖြင့် သူတို့၏ သားမယား၊ မိဘဆွေမျိုးများကို လွမ်းဆွတ်တသ သတိရနေကြ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ထိုရဟန်းသစ်တို့အား မိမိ တန်ခိုးတေဇော် အာနုဘော်ဖြင့် ဟိမဝန္တာ တောင်ခြေ၌ရှိသော ကုဏာလအိုင်သို့ ခေါ်ဆောင်သွား၏။ ထိုတွင် ရဟန်းတို့သည် ထူးထွေဆန်းပြားသော ငါးများနှင့် သားငှက် တိရစ္ဆာန်တို့ကို တွေ့မြင်ရ၍ နှစ်သက်ကြည်နူးရွှင်မြူးသွားကြ၏။ ထို့နောက် မြတ်စွာဘုရားသည် 'ကုဏာလဇာတ်' ကို ဟောကြားပြီး သောတာပတ္တိဖိုလ်၌ တည်စေပြီးလျှင် မဟာဝုန်တောသို့ ပြန်လည် ခေါ်ဆောင်လာခဲ့၏။

မဟာဝုန်တောသို့ ပြန်ရောက်သောအခါ မြတ်စွာဘုရားသည် အထက်မဂ်အတွက် ရဟန်းတို့အား 'အတ္တဒဏ္ဍသုတ်' ကို ဟောကြားတော်မူ၏။

## အတ္တဒဏ္ဍသုတ်

(၁) ဘေးသည် မိမိ ဒုစရိုက် အပြစ်ဒဏ်ကြောင့်သာ ဖြစ်ပေါ်လာရာ၏။ အချင်းချင်း ခိုက်ရန်ငြင်းခုံနေသော လူအပေါင်းကို ရှုကြကုန်လော့။ ငါကိုယ်တိုင် ထိတ်လန့်မှု သံဝေဂ ရခဲ့ဖူးသည့်အတိုင်း ထိတ်လန့်ဖွယ် သံဝေဂတရားကို ဟောကြားပေအံ့။

(၂) ရေနည်းငါးကဲ့သို့ တုန်လှုပ်နေသော သတ္တဝါအပေါင်းကို မြင်ရ၍ လည်းကောင်း၊ အချင်းချင်း ခိုက်ရန်

ငြင်းခုံနေကြသော လူတို့ကို မြင်ရ၍ လည်းကောင်း ကြောက်မက်ဖွယ် ဘေးဘျမ်းသည် ငါ့ထံသို့ ဝင်ရောက်လာ၏။

(၃) ထက်ဝန်းကျင် လောက၌ အနှစ်သာရ မရှိ။ အရပ်မျက်နှာ အားလုံးရှိ သင်္ခါရ တရားတို့သည် တုန်လှုပ်ကုန်၏။ မိမိ၏ မှီခို အားထားရာကို အလိုရှိသူသည် မလွှမ်းမိုးနိုင်သည့် တစ်စုံတစ်ခုသော အရပ်ကို မမြင်။

(၄) ပျို့သောအရွယ် စသည်တို့၏ ပြီးဆုံးပြီးနောက် ဖြစ်ကုန်သော နှိပ်စက်ညှဉ်းဆဲအပ်ကုန်သော သတ္တဝါတို့ကို မြင်ရ၍ ငါ့အား မမွေ့လျော်မှု ဖြစ်ခဲ့ပြီ။ ထို့ပြင် သတ္တဝါတို့၌ စိတ်နှလုံးကို မှီနေသည် ဖြစ်၍ မြင်နိုင်ခဲသော မြားငြောင့်ကို ငါ မြင်ပြီ။

(၅) အကြင် မြားငြောင့်စူးဝင်နေသူသည် အရပ်မျက်နှာအားလုံးတို့သို့ ပြေးသွားရ၏။ ထိုမြားငြောင့်ကိုပင် လျှင် နုတ်ပယ်လိုက်သည်ရှိသော် မပြေးသွားရတော့ပေ။ မနစ်မြုပ်ရတော့ပေ။

(၆) ဤလူ့ပြည်လောက၌ အကြင်တပ်မက်ဖွယ်တို့သည် ရှိကုန်၏။ ထိုတပ်မက်ဖွယ် ကာမဂုဏ်တို့ကြောင့် အတတ်ပညာတို့ကို အဆင့်ဆင့် သင်ယူကြကုန်၏။ ထိုကာမဂုဏ်တို့နှင့် အတတ်ပညာတို့၌ လိုက်စား လေ့လာသူ မဖြစ်ရာ။ ကာမတို့ကို အချင်းခပ်သိမ်း ထိုးထွင်းသိ၍ မိမိ၏ ငြိမ်းစိမ့်သောငှာ ကျင့်ရာ၏။

(၇) ရဟန်းသည် ဝစီသစ္စာ စသည်တို့နှင့် ပြည့်စုံသူဖြစ်ရာ၏။ မကြမ်းတမ်းသူ၊ လှည့်ပတ်မှု မာယာမရှိသူ၊

ကုန်းတိုက်မှု ကင်းသူ၊ အမျက်ထွက်မှု မရှိသူ ဖြစ်ရာ၏။ ယုတ်မာသော လောကကို လည်းကောင်း၊ ဝန်တိုမှု မစ္ဆရိယကို လည်းကောင်း လွန်မြောက်ရာ၏။

(၈) နိဗ္ဗာန်သို့ ညွတ်သော စိတ်ရှိသူသည် ငိုက်မျဉ်းခြင်းကို လည်းကောင်း၊ ပျင်းရိခြင်းကို လည်းကောင်း၊ ထိုင်းမှိုင်းခြင်းကို လည်းကောင်း ဖျောက်ဖျက်ရာ၏။ မေ့လျော့သဖြင့် မနေရာ။ အလွန်ထောင်လွှားမှု မာန၌ မတည်ရာ။

(၉) မုသားစကား မပြောဆိုရာ။ ရုပ်တရား၌ ချစ်ခင်မှုကို မပြုရာ။ ထောင်လွှားမှု မာနကိုလည်း ပိုင်းခြား၍ သိရာ၏။ အသောတလျှင် ပြုလုပ်ခြင်းမှ ရှောင်ကြဉ်သည် ဖြစ်၍ ကျင့်ရာ၏။

(၁၀) အတိတ်ခန္ဓာ ငါးပါးကို မနှစ်သက် မမက်မောရာ။ ပစ္စုပ္ပန်ခန္ဓာ ငါးပါး၌ နှစ်သက်မက်မောမှုကိုလည်း မပြုရာ။ ခန္ဓာ စသည် ပျက်စီးသည်ရှိသော် မပူဆွေးရာ။ ဆွဲငင်တတ်သော တဏှာကို စွဲမှီသူ မဖြစ်ရာ။

(၁၁) မက်မောမှု တဏှာကို ကြီးစွာသော ရေအယဉ် ဟူ၍ ငါဆို၏။ လျင်စွာ ဖြစ်တတ်သော တဏှာကို တောင့်တမှု ဇပ္ပန ဟူ၍ လည်းကောင်း၊ မလွတ်မူ၍ ဆွဲကိုင်မှု အာရမ္မဏ ဟူ၍ လည်းကောင်း၊ တုန်လှုပ်မှု ပကပ္ပန ဟူ၍ လည်းကောင်း ငါဆို၏။ ကာမဟူသော ညွန်ကို လွန်မြောက်နိုင်ခဲသော အရာဟု ငါဆို၏။

(၁၂) မကောင်းမှုမှ အပပြုပြီးသော ထိုရဟန်းသည် သစ္စာမှ မလွဲမရှောင်မူ၍ အားလုံးကို စွန့်လွှတ်ပြီးလျှင် ကြည်း

ကုန်းထက်၌ တည်၏။ ထိုပုဂ္ဂိုလ်ကို စင်စစ် ငြိမ်းအေးပြီးသူ ဟူ၍ ဆိုအပ်၏။

(၁၃) ဤလောက၌ ကောင်းစွာ နေထိုင်သွားလာသော ထိုပုဂ္ဂိုလ်သည် မမှီဘဲလျက် သစ္စာတရား အပေါင်းကို သိပြီးဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မချစ်ခင်တော့ပေ။ ထိုပုဂ္ဂိုလ်သည်သာ ပညာရှိမည်၏။ ထိုပုဂ္ဂိုလ်သည်သာ မဂ်ဉာဏ်သို့ ရောက်ပြီးသူ မည်၏။

(၁၄) ဤလောက၌ အကြင်သူသည် ကာမတို့ကို လွန်မြောက်ခဲ့ပြီ။ လောက၌ လွန်နိုင်ခဲသော ကပ်ငြိမှု တဏှာကိုလည်း လွန်မြောက်ခဲ့ပြီ။ အယဉ်ကို ဖြတ်ပြီးသော ကိလေသာ အနှောင်အဖွဲ့ မရှိသော ထိုသူသည် မပူဆွေးတော့ပေ။ မကြံ့မှိုင်တော့ပေ။

(၁၅) အတိတ်သင်္ခါရတို့ကို (အာရုံပြု၍ ဖြစ်သော) ကိလေသာမျိုးကို ခြောက်ခန်းစေလော့။ အနာဂတ် သင်္ခါရတို့ကို (အာရုံပြု၍ ဖြစ်သော) ကြောင့်ကြမှု မဖြစ်စေလင့်။ ပစ္စုပ္ပန် ခန္ဓာငါးပါးတို့ကို တဏှာဒိဋ္ဌိအားဖြင့် သင် မစွဲယူခဲ့မူ (ငြိမ်းအေးစွာ) နေရလတ္တံ့။

(၁၆) အကြင်ရဟန္တာအား နာမ်ရုပ်တရား အပေါင်း၌ အချင်းခပ်သိမ်း မြတ်နိုးစွဲလမ်းမှုမရှိ။ ထိုနာမ်ရုပ် ပျက်စီးသော်လည်း မစိုးရိမ်။ ထိုရဟန္တာပုဂ္ဂိုလ်သည် လောက၌ ဆုတ်ယုတ် ဆုံးရှုံးသူ မဟုတ်။

(၁၇) အကြင်ရဟန္တာပုဂ္ဂိုလ်အား ငါ၏ ဥစ္စာ ဟူ၍ လည်းကောင်း၊ သူတစ်ပါးတို့၏ ဥစ္စာ ဟူ၍ လည်းကောင်း စွဲယူကြောင့်ကြမှုမရှိ။ ထိုရဟန္တာပုဂ္ဂိုလ်သည် မြတ်နိုး

စွဲလမ်းဖွယ် ဝတ္ထုကို မရသော်လည်း ငါ့အား မရမရှိ ဟူ၍ မစိုးရိမ်တော့ချေ။

(၁၈) တုန်လှုပ်ခြင်းမရှိသူကို ငါ့အား မေးသည်ရှိသော် ငြူစူခြင်းမရှိ။ မက်မောတွယ်တာမှုမရှိ။ တုန်လှုပ်ကြောင်း တဏှာမရှိ။ အာယတန အားလုံးတို့၌ အညီအမျှ လျစ်လျူရှုနိုင်သူ၌ ထိုအကျိုးအာနိသင်ကို ငါဆို၏။

(၁၉) တုန်လှုပ်မှုတဏှာ ကင်းရာကို သိသောသူအား တစ်စုံတစ်ခု ပြုပြင်တတ်သော သင်္ခါရမရှိ။ ထိုသူသည် အထူးထူးသော အားထုတ်မှုမှ ကင်းသည်ဖြစ်၍ အလုံးစုံသော အရာဌာနတို့၌ ဘေးမရှိသည်ကို မြင်နိုင်၏။

(၂၀) အကြင်ရဟန်းသည် တူညီသူတို့၌ တူညီသူဟု မပြောဆို။ ယုတ်နိမ့်သူတို့၌ ယုတ်နိမ့်သူဟု မပြောဆို။ မြင့်မြတ်သူတို့၌ မြင့်မြတ်သူဟု မပြောဆို။ ကိလေသာငြိမ်းအေးပြီး ဖြစ်သော ထိုရဟန်းသည် ဝန်တိုမှု မစ္ဆေရကင်းသည်ဖြစ်၍ စွဲလည်းမစွဲ စွန့်လည်း မစွန့်လွှတ်။

**(သုတ္တနိပါတ် ပါဠိတော် မြန်မာပြန်)**

## နတ်အစည်းအဝေး

ကပိလဝတ်နှင့် ကောလိယ စစ်သည်ဗိုလ်ပါတို့သည် မြတ်စွာဘုရား ဟောကြားသော ဖန္ဒနဇာတ်၊ ပထဝီဥန္ဒြိယဇာတ်၊ လဋုကိကဇာတ်၊ ရုက္ခဓမ္မဇာတ်၊ ဝဋ္ဋကဇာတ်တို့ကို နာကြားရသောအခါ အချင်းချင်း ခိုက်ရန်ဖြစ်ခြင်း၏ အပြစ်နှင့် ခိုက်ရန်မဖြစ်ခြင်း၏ အကျိုးအာနိသင်တို့ကို ကောင်းစွာ သိမြင်သွားကြ၏။ ထို့နောက် ဆက်

လက်၍ 'ဘယ်သူမပြု မိမိမှု' ဟု ဆိုသင့်သော အတ္တဒဏ္ဍသုတ်ကို နာကြားရသောအခါ ချမ်းသာစစ်–ချမ်းသာမှန်ကို တွေ့မြင်သွားကြ၏။ မြတ်စွာဘုရားသည် လောဘ၊ ဒေါသ၊ မောဟ ကင်းစင်သည်ဖြစ်၍ လောဘ၊ ဒေါသ၊ မောဟ ကင်းစင်သော ရဟန်းအပေါင်း ခြံရံလျက် သက္ကတိုင်း ကပိလဝတ်ပြည်၏ အနီးဖြစ်သော မဟာဝုန်တော၌ စံနေတော်မူ၏။ ဤသို့သော အခြင်းအရာကို မြင်ကြသော နတ်ဗြဟ္မာတို့သည် မဟာဝုန်တောသို့ ရှေးရှုလာရောက်ကြ၏။ စကြဝဠာ မျက်နှာရေးကို အပိုင်းအခြားပြု၍ မြေပြင်မှ ပထမဈာန်ဘုံ တိုင်အောင် သားမြီးဖျား ထိုးလောက်ရုံမျှသော အရပ်၌ တစ်ကျိပ်မှ ခြောက်ကျိပ် အစုရှိသော ဂန္ဓုန် နဂါး နတ် ဗြဟ္မာ အသူရာတို့သည် တည်ရှိကြ၏။ ထို့နောက် သုဒ္ဓါဝါသ ဗြဟ္မာကြီး လေးဦး ရောက်လာပြီး အသီးသီးပင် ဂါထာဖြင့် ချီးကျူးပူဇော်ကြ၏။

ထိုဗြဟ္မာလေးဦးတို့တွင် တစ်ဦးသော ဗြဟ္မာသည် အရှေ့စကြဝဠာ နှုတ်ခမ်းဝ၌ သက်ဆင်းပြီးလျှင် နီလကသိုဏ်းကို ဝင်စား၍ ညိုသော ရောင်ခြည်ကို လွှတ်လျက် "မဟာသမယော ပဝနသ္မိံ" အစရှိသော ဂါထာဖြင့် ချီးကျူးပူဇော်၏။

တစ်ဦးသော ဗြဟ္မာသည် တောင်စကြဝဠာ နှုတ်ခမ်း၌ သက်ဆင်းပြီးလျှင် ပီတကသိုဏ်းကို ဝင်စား၍ ရွှေသောရောင်ခြည်ကို လွှတ်လျက် "တတြ ဘိက္ခဝေါ သမာဒဟံသု" အစရှိသော ဂါထာဖြင့် ချီးကျူးပူဇော်၏။

တစ်ဦးသော ဗြဟ္မာသည် အနောက်စကြဝဠာ နှုတ်ခမ်းဝ၌ သက်ဆင်းပြီးလျှင် လောဟိတကသိုဏ်းကို ဝင်စား၍ နီသောရောင်ခြည်ကို လွှတ်၍ "ဆေတွာ ခိလံ ဆေတွာ ပလိဃံ" အစရှိသော ဂါထာဖြင့် ချီးကျူးပူဇော်၏။

နောက် ဗြဟ္မာတစ်ဦးသည် မြောက်စကြဝဠာ နတ်ခမ်း၌ သက်ဆင်းပြီးလျှင် ဩဒါတ ကသိုဏ်းကို ဝင်စား၍ ဖြူသောရောင် ခြည်ကို လွှတ်လျက် "ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ" အစရှိ သော ဂါထာဖြင့် ချီးကျူးပူဇော်၏။

ထိုအခါ မြတ်စွာဘုရားသည် "ဤနတ်ဗြဟ္မာ အစည်းအဝေး သည် အလွန်ကြီးကျယ်များပြားစွတကား။" "ရဟန်းတို့သည် ဤ မျှ ကြီးကျယ်သော နတ်ဗြဟ္မာ အစည်းအဝေးကို မသိကြလေ။ ယခု ထိုရဟန်းတို့အား သိစေအံ့" ဟု "သိလောက မနုကဿာမိ" အစ ရှိသော ဂါထာတို့ဖြင့် နတ်ဗြဟ္မာတို့၏ အမည်အမျိုးအနွယ် စသည် တို့ကို ထုတ်ဖော် ဟောကြားတော်မူလေ၏။

## အဓိပ္ပာယ်

ဟိမဝန္တစရာဂန္တွာ–
ကပိလမှိ ဝနေ ဝသံ၊
သုသုနာဂပုရက္ခာရော–
မုဂ္ဂတော ဇေဋ္ဌ ပုဏ္ဏမေ။

| | | |
|---|---|---|
| ဟိမဝန္တစရာ | = | ဆီးရှိ ဆောင်းခါ နွေမှာ ဆီးအန် ဟိမဝန္တာ ဒေသစာရီ ကြွချီတော်မူရာမှ၊ |
| အာဂန္တွာ | = | ပြန်လည်တော်မူ၍၊ |
| ကပိလမှိ ဝနေ | = | ကပိလဝတ်ပြည်၏အနီး မဟာဝုန် တောဝ်၌၊ |
| သုသုနာဂပုရက္ခာရော | = | သာကီဝင်နွယ် နုနယ် ပျိုမျစ် အသစ် ဖြစ်သော ရဟန်း ငါးရာတို့သည် ရှေးရှု ပြုအပ်သည်ဖြစ်၍၊ |
| ဝသံ–ဝသန္တော | = | နေတော်မူသော မြတ်စွာဘုရားသည်၊ |
| ဇေဋ္ဌ ပုဏ္ဏမေ | = | နယုန်လပြည့်နေ့၌၊ |
| မုဂ္ဂတော–မာဉဂ္ဂတေ | = | ဥဒည်းအချက် လဝန်းတက်သော အခါ၌ ... |

စက္ကဝါဠပရိစ္ဆေဒံ–
ဘူမျာပဌမစျာနိကံ၊

ဒသာ သဋ္ဌိပိ ဝါလဂ္ဂေ–
နိသိန္နေ နိမ္မိတေ ဋ္ဌိတေ။

စက္ကဝါဠပရိစ္ဆေဒံ = စကြဝဠာ မျက်နှာရေးကို အပိုင်းအခြား ပြု၍၊

ဘူမျာပဋ္ဌမဗျာနိကံ = မြေပြင်မှ ပဌမဗျာန်ဘုံ တိုင်အောင်၊

ဝါလဂ္ဂေ = သားမြီးဖျား ထိုးလောက်ရုံမျှသော အရပ်၌၊

ဒသာ သဋ္ဌိပိ = တစ်ကျိပ်အစုမှ ခြောက်ကျိပ် အစု တိုင် အောင်လည်း၊ ဝါ–တစ်ကျိပ်အစု, နှစ်ကျိပ်အစု, သုံးကျိပ်, လေးကျိပ်, ငါး ကျိပ်, ခြောက်ကျိပ် အစုမျှလောက် လည်း၊

နိသိန္နေ = ဂဠုန် နဂါး နတ်များ ဖြဟ္မာ အသူရာ တို့ နေသည်ရှိသော်၊

နိမ္မိတေ = ဖန်ဆင်းတော်မူအပ်သော နိမ္မိတဘုရား သည်၊

ဋ္ဌိတေ = ပရိသတ်တို့ စရိုက် အားလျော်စွာ ပုစ္ဆာ မေးလျက် တည်စဉ် ...

ရာဂီနာသံ ပရိဗ္ဗာဇံ–
ဒေါသီနဉ္စ ဝိဝါဒကံ၊
မဟာဗျူဟာန္တံ မုဋ္ဌာန–
ဝိတက္ကာနဉ္စ စူဠကံ။

အာသံ = ထို နတ် ဗြဟ္မာတို့တွင်၊

ရာဂိနံ့ = ရာဂ ပြောသော နတ်တို့အားကား၊
ပရိဗ္ဗာဇံ = သမ္မာ ပရိဗ္ဗာဇနီယသုတ်ကို၊
ဒေါသီနဥ္စ = ဒေါသပြောသော နတ်တို့အားကား၊
ဝိဝါဒကံ = ကလဟ ဝိဝါဒသုတ်ကို၊
မုဠှာနံ တု = မောဟ ပြောသော နတ်ပြဟ္မာတို့အား ကား၊
မဟာဗျူဟံ = မဟာဗျူဟသုတ်ကို၊
ဝိတက္ကာနဥ္စ = ဝိတက် ပြောသော နတ်၊ ပထမစျာန် ပြဟ္မာတို့အားကား၊
စူဠဗျူဟံ = စူဠဗျူဟသုတ်ကို၊

တုဝဋ္ဋကဉ္စ သဒ္ဓါနံ–
ပုရာဘေဒဥ္စ ဗုဒ္ဓိနံ၊
ဝတ္တုံ ဘိက္ခူန မာစိက္ခိ–
သမယံ နာမ ဒေသနာ။

သဒ္ဓါနံ တု = သဒ္ဓါ ပြောသော နတ်ပြဟ္မာတို့အားကား၊
တုဝဋ္ဋကံ = တုဝဋ္ဋကသုတ်ကို၊
ဗုဒ္ဓိနဥ္စ = ပညာပြောသော နတ်ပြဟ္မာတို့အားကား၊
ပုရာဘေဒံ = ပုရာဘေဒသုတ်ကို၊
ဝတ္တုံ = ဟောခြင်းငှာ၊
ဘိက္ခူနံ = ထိုမျှ များစွာ စည်းဝေးလာသည်ကို မသိကုန်သော ရဟန်းတို့အား၊
သမယံ = ဂဠုန် နဂါး နတ်များ ပြဟ္မာ အသူရာ အပေါင်းကို၊

တာသံ = ထိုပရိသတ်တို့၏၊
စိတ္တကလ္လဇနနတ္ထံ = ဘုရားမြတ်စွာ သူငါမျှအား ကြားတော်မူပေ၏ဟု ခံ့သောစိတ် ဖြစ်စေခြင်းငှာ၊
နာမ ဒသသနာ = အမည်ကို ညွှန်ပြသောအားဖြင့်၊
အာစိက္ခိ = ကြားတော်မူ၏။

နာမက္ခာနေန ယဒ္ဓေဝံ–
ဓမ္မာဘိသမယော ကထံ၊
ကလ္လာဒိ သစ္စဒိပေန–
နေသံ ပီတာဒိတောပိ ဝါ။

ယဒ္ဓေဝံ–ယဒိဇဝံ = အကယ်၍ ထိုသို့ ဖြစ်သည်ရှိသော်၊
နာမက္ခာနေန = ဤသူ ဤမည် လာရောက်သည်ဟု မိန့်ရည်စကား ကြားရုံမျှဖြင့်၊
ဓမ္မာဘိသမယော = သစ္စာလေးပါး တရားကို သိခြင်းသည်၊
ကထံ = အသို့ဖြစ်ရာသနည်း, မဖြစ်ရာတကား၊
ကလ္လာဒိ = မျိုးမည်တွေပြား မွှက်ကြားသဖြင့် ခံ့သောစိတ်, နူးညံ့သောစိတ်, နီဝရဏာကင်းသောစိတ်, ကြည်လင်သောစိတ် ရှိသည်ကို၊
(ဉတွာ = သိတော်မူ၍၊)
သစ္စဒီပေန = သစ္စာလေးပါး တရားကို ပြသဖြင့်၊
ဓမ္မာဘိသမယော = သစ္စာလေးပါး တရားကို သိခြင်းသည်၊
ဟောတိ = ဖြစ်၏၊
ဝါ = တစ်နည်းကား၊

နေသံ = ထို နတ်ဗြဟ္မာတို့၏၊
ပီတာဒိတောပိ = ပီတိ, ပဿဒ္ဓိ, သုခ, သမာဓိ, ယထာဘူတဉာဏ်, ဝိမုတ္တိ, ဝိမုတ္တိဉာဏ်အမြင် ဖြစ်သဖြင့်လည်း၊
ဓမ္မာဘိသမယော = သစ္စာလေးပါးကို သိခြင်းသည်၊
ဟောတိ = ဖြစ်၏။

တသ္မာ ဘိနန္ဒနေသု–
မင်္ဂလံ ဝဒတာ ဣဒံ၊
ဝတ္တဗ္ဗံ ဝိစရံ သောတုံ–
ဒေဝါ တန္တိ ဘဏာမ ဘော။

တသ္မာ = ထိုသို့ မဟာသမယ သုတ်တော်ကို နာရသဖြင့် နတ်တို့ ပီတိ စသည် ဖြစ်သောကြောင့်၊
အဘိနန္ဒနေသု = ဂေဟ ပဝေသန စသော အသစ်အမှုပြုသော အရာတို့၌၊
မင်္ဂလံ = မကောင်း ပယ်ရှား စီးပွားဖြစ်ကြောင်း ကောင်းမှု မင်္ဂလာကို၊
ဝဒတာ = ဟောကြားသော သူသည်၊
ဣဒံ သုတ္တံ = ဤ မဟာသမယ သုတ်တော်ကို၊
ဝတ္တဗ္ဗံ = ရွတ်အပ်၏၊
ဣဒံ သုတ္တံ = ဤ မဟာသမယ သုတ်တော်ကို၊
သောတုံ = နာခြင်းငှာ၊
ဒေဝါ = နတ်တို့သည်၊

| | | |
|---|---|---|
| တံ–တာဒိသံ | = | ထိုထို အရပ်သို့၊ |
| ဝိစရံ–ဝိစရန္တာ | = | လှည့်လည်သွားလာကုန်သည်၊ |
| (ဟောန္တိ | = | ဖြစ်ကုန်၏၊) |
| ဘောာ | = | အရှင်တို့၊ |
| ဣဒံ သုတ္တံ | = | ဤ မဟာသမယ သုတ်တော်ကို၊ |
| (မယံ | = | ငါတို့သည်၊) |
| ဘဏာမ | = | ရွတ်ကြကုန်အံ့။ |

(ဆရာတော် ဦးဗုဓ် ဖွဲ့ဆိုသော မဟာသမယသုတ်အမွှမ်း
ပါဌ်–နိဿယ)

## မြန်မာပြန်

ရှေးအခါက မဟာသမယသုတ် ရွတ်သော မြန်မာ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ရှေးဦးစွာ ဆရာတော် ဦးဗုမ်ဖွဲ့ဆိုသော ဤအမွှမ်း ပါဠိအနက်ကို ရွတ်လေ့ရှိကြ၏။ သို့ဖြင့် မြတ်စွာဘုရား မဟာသမယသုတ်ကို ဟောကြားတော်မူခြင်း အကြောင်းရင်းကို သိကြရ၏။ ထိုပုဂ္ဂိုလ်တို့သည် အများအားဖြင့် ပါဠိဘာသာ၌ ကျွမ်းကျင်သူများ ဖြစ်ကြ၏။ ပါဠိဘာသာ မကျွမ်းကျင်သူများကား မြန်မာလိုပင် ရွတ်ဆိုသင့်၏။ မိမိ မသိသော ဘာသာစကားတို့ကို ရွတ်နေသဖြင့် အကျိုးရှိလှမည် မဟုတ်ချေ။ အနက်အဓိပ္ပာယ်ကို ကောင်းစွာသိမှသာ အကျိုးရှိမည်။

"ဟိမဝန္တာသို့ ဒေသစာရီ ကြွချီတော်မူရာမှ ပြန်လည်တော်မူ၍ ကပိလဝတ်ပြည်အနီး မဟာဝုန်တော၌ ရဟန္တာသစ် ငါးရာတို့ ရှေးရှုပြု၍ နေတော်မူသော မြတ်စွာဘုရားသည် နယုန်လပြည့် လ ထွက်သော်အခါ၌ စကြဝဠာမျက်နှာရေးကို အပိုင်းအခြားပြု၍ မြေပြင်မှ ပထမစျာန်ဘုံသို့ တိုင်အောင် သားမြီးဖျား ထိုးလောက်သော အရပ်၌ တစ်ကျိပ် အစုမှ ခြောက်ကျိပ်အစု တိုင်အောင်ပင် နတ် ဗြဟ္မာတို့ နေသည်ရှိသော် ဖန်ဆင်းတော်မူသော နိမ္မိတ ဘုရားသည် ပရိသတ်တို့ စရိုက်အားလျော်စွာ

ပုစ္ဆာ မေးလျက် တည်စဉ်တွင် ရာဂ ပြောသော နတ်တို့အား သမ္မာပရိဗ္ဗာဇနိယသုတ်ကို လည်းကောင်း၊ ဒေါသ ပြောသော နတ်တို့အား ကလဟ ဝိဝါဒသုတ်ကို လည်းကောင်း၊ မောဟ ပြောသော နတ် ဗြဟ္မာတို့အား မဟာဗျူဟသုတ်ကို လည်းကောင်း၊ ဝိတက် ပြောသော နတ်ဗြဟ္မာတို့အား တုဝဋ္ဋကသုတ်ကိုလည်းကောင်း၊ ပညာ ပြောသော နတ် ဗြဟ္မာတို့အား ပုရာဘေဒသုတ်ကို လည်းကောင်း ဟောတော်မူရန် ရဟန်းတို့အား နတ် ဗြဟ္မာ အပေါင်းကို ထို နတ်ဗြဟ္မာတို့ စိတ်ကြည်စေရန် အမည်ကို ညွှန်ပြသောအားဖြင့် ဟောတော်မူ၏။ စင်စစ် အမည်ကို ပြောကြားခြင်းဖြင့် တရားကို မသိနိုင်ချေ။ စိတ်ကြည်လင်ခြင်းကို သိတော်မူ၍ သစ္စာကို ပြသဖြင့် တရားကို သိနိုင်၏။ ထို့ကြောင့် အိမ်တက်မင်္ဂလာ စသော အသစ် ဖြစ်သော အမှုအရာတို့၌ ဤသုတ်ကို ရွတ်သင့်၏။ ဤသုတ်ကို နာရန် နတ်တို့သည် ထိုထိုအရပ်သို့ လှည့်လည် သွားလာနေကြ၏။ အရှင်တို့ ဤသို့ သဘောရှိသော ဤမဟာသမယသုတ်ကို ငါတို့ ရွတ်ကြကုန်စို့"

သို့ဖြင့် ပါဠိ မတတ်သော မြန်မာစာဖတ် ပရိသတ်သည် ဤ အမွှမ်းဂါထာတို့၏ ဆိုလိုချက် အနက် အဓိပ္ပာယ်ကို ကောင်းစွာ သိနိုင်၏။ မြတ်စွာဘုရားသည် အမည်နာမကိုသာ ညွှန်ပြသော မဟာသမယသုတ်ကို ဟောကြားတော်မူသည်မှာ ထို နတ် ဗြဟ္မာတို့သည် မိမိတို့ အမည်နာမကို ပြောကြားသဖြင့် စိတ်ကြည်လင်ပြီး သစ္စာတရားကို နာကြားစေရန် ဖြစ်၏။ စိတ်ကြည်လင် ရွှင်လန်းမှသာ တရား၏ အနှစ်သာရကို ခံယူနိုင်မည် ဖြစ်၏။ ထို့ကြောင့်

မြတ်စွာဘုရားသည် ထို နတ်ပြဟ္မာတို့၏ အမည်နာမကို ထုတ်ဖော် ညွှန်ပြခြင်းဖြင့် သူတို့၏စိတ်ကို ကြည်လင်စေခြင်း ဖြစ်၏။

နတ် ပြဟ္မာတို့တွင် အချို့မှာ ရာဂကြီး၏။ အချို့မှာ ဒေါသ ကြီး၏။ အချို့မှာ မောဟကြီး၏။ အချို့မှာ ဝိတက် များ၏။ အချို့မှာ သဒ္ဓါတရား လွန်စွာများ၏။ အချို့ကား ပညာကြီး၏။ ဤသို့လျှင် စရိုက်အမျိုးမျိုးရှိသော နတ်ပြဟ္မာတို့အား အဘယ် သို့လျှင် သစ္စာတရားကို သိစေနိုင်ပါအံ့နည်း။ ထိုသူတို့၏ စရိုက် အားလျော်စွာ တစ်စုံတစ်ယောက်က အမေးပုစ္ဆာထုတ်၍ ဖြေဆို ရပါလျှင် သူတို့သည် လွယ်ကူစွာပင် သစ္စာကို သိမြင်ကြလိမ့်မည်။ သို့ရာတွင် မြတ်စွာဘုရား ဖြေဆို ဟောကြားလိုသော တရားကို ပုစ္ဆာထုတ်နိုင်သူ တစ်စုံတစ်ယောက်မျှ မရှိချေ။ ထို့ကြောင့် မြတ်စွာ ဘုရားသည် ထိုနတ်ပြဟ္မာတို့၏ စရိုက်အားလျော်စွာ ဟောကြား ဖြေဆိုမည့်တရား ခြောက်ပုဒ်ကို ကိုယ်တော်တိုင် နိမ္မိတ ရုပ်ပွား ဖန်ဆင်းပြီး မေးခွန်းထုတ်စေတော်မူရ၏။

မြတ်စွာဘုရား ကိုယ်တော်တိုင် နိမ္မိတရုပ်ပွား ဖန်ဆင်းပြီး မေးခွန်းထုတ်ကာ ဖြေဆို ဟောကြားသော တရား ဖြစ်သည်။ အဘယ်မျှ ကြီးကျယ်မြင့်မြတ်သော တရားပေနည်း။ အကယ်၍ ဤတရားကို မနာကြားရပါလျှင် ဗုဒ္ဓဘာသာဝင် သူတော်စင် ဖြစ်ရ ကျိုး နပ်လိမ့်မည် မဟုတ်ချေ။ စရိုက်ခြောက်ပါး ရှိသည့်အနက် အဘယ်စရိုက် ပြောသောသူပေနည်း။ မိမိ၏ စရိုက်အားလျော်စွာ ရွေးချယ်ပြီး ဖတ်ရှုသင့်၏။ မြန်မာစာဖတ်တတ်သူတိုင်း ဖတ်ရှု နိုင်ကြစေရန် မြန်မာပြန်ဆိုထား၏။ မြန်မာပြန်တို့မှာ ဆဋ္ဌသင်္ဂါ ယနာတင် မြန်မာပြန်တို့ဖြစ်၍ လွန်စွာ အားရ နှစ်သက်ဖွယ် ကောင်းလှပါသည်။ သင်္ဂါယနာတင် အရှင်တို့သည် မထင်ရှား

သော အနက်အဓိပ္ပာယ်တို့ကို ကွင်းစ ကွင်းပိတ်ဖြင့် ထုတ်ဖော်ထား၏။ အကယ်၍ မိမိအနေဖြင့် မလိုအပ်ပါလျှင် ထိုလက်သည်းကွင်း အတွင်း၌ရှိသော စကားတို့ကို ကျော်လွှား၍ သွားနိုင်၏။

စာရှုသူအား အကြံပေးလိုသည်မှာ ရှေးဦးစွာ နတ်ဗြဟ္မာတို့နှင့် ခင်မင် ရင်းနှီးစေရန်အတွက် နတ်ဗြဟ္မာတို့ နှစ်သက် မြတ်နိုးသော မဟာသမယသုတ်ကို မြန်မာပြန်ကို ဖတ်ရန် ဖြစ်၏။ ထိုသုတ်ကို ကောင်းစွာ ဖတ်ပြီးနောက် သူတို့နှင့် မိမိပါ သစ္စာ သိမြင်ရေးအတွက် သုတ် ခြောက်သုတ်ကို ဆက်လက် ဖတ်ရှုသင့်၏။ သို့ဖြင့် မကြာမီ ရက်အတွင်းမှာ တရားသိမြင်သော သူတော်စင်တစ်ယောက် ဖြစ်မြောက်သွားလိမ့်မည်။

## မဟာသမယသုတ်

အကျွန်ုပ်သည် ဤသို့ နာကြားခဲ့ရပါသည်–

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တော၌ ငါးရာမျှသော အလုံးစုံ ရဟန္တာချည်း ဖြစ်သော ရဟန်း သံဃာတော် များစွာနှင့်တကွ သီတင်းသုံးနေတော်မူ၏။ စကြဝဠာ တစ်ထောင်စီရှိသော လောကဓာတ်တိုက် ဆယ်ခုတို့မှ နတ်ဗြဟ္မာတို့သည်လည်း မြတ်စွာဘုရားကို လည်းကောင်း၊ ရဟန်းသံဃာကို လည်းကောင်း ဖူးမြော်ခြင်းငှာ အများအားဖြင့် စည်းဝေးလာရောက်ကုန်၏။

ထိုအခါ သုဒ္ဓါဝါသဘုံ၌နေသော ဗြဟ္မာ လေးဦးတို့အား ဤသို့သော အကြံသည် ဖြစ်၏–

"ဤမြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် မဟာ

ဝုန်တော၌ ငါးရာမျှသော အလုံးစုံ ရဟန္တာချည်း ဖြစ်သော ရဟန်းသံဃာများစွာနှင့်အတူ သီတင်းသုံးနေတော်မူ၏။ စကြဝဠာ တစ်ထောင်စီရှိသော လောကဓာတ်တိုက် ဆယ်ခုတို့မှ နတ်တို့သည်လည်း မြတ်စွာဘုရားကို လည်းကောင်း၊ ရဟန်းသံဃာကို လည်းကောင်း ဖူးမြော်ခြင်းငှာ အများအားဖြင့် စည်းဝေးလာရောက်ကုန်၏။ ငါတို့သည်လည်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ အထံတော်၌ အသီးသီး ဂါထာတစ်ပုဒ်စီ ရွတ်ဆိုရမူကောင်းလေစွဟု" (အကြံဖြစ်၏။)

ထိုအခါ ဗြဟ္မာ (လေးဦး) တို့သည် ဥပမာအားဖြင့် ခွန်အားရှိသော ယောကျ်ားသည် ကွေးသော လက်ကို ဆန့်သကဲ့သို့ လည်းကောင်း၊ ဆန့်သော လက်ကို ကွေးသကဲ့သို့ လည်းကောင်း ဤအတူ သုဒ္ဓါဝါသ ဗြဟ္မာတို့သည် မြတ်စွာဘုရားကို ရှိခိုး၍ တစ်ခုသော နေရာ၌ ရပ်ပြီးလျှင် တစ်ဦးသော ဗြဟ္မာသည် မြတ်စွာဘုရား၏ အထံတော်၌ ဤဂါထာကို ရွတ်ဆို၏။

> "(အရှင်ဘုရား) မဟာဝုန်တော၌ နတ်ဗြဟ္မာ အပေါင်းတို့သည် စုရုံး လာရောက်ကြသဖြင့် အစည်းအဝေးကြီး ဖြစ်လျက် ရှိနေပါ၏။ အကျွန်ုပ်တို့သည်လည်း (ကိလေသာ ရန်သူကို) မအောင်နိုင်သော သံဃာတော်ကို ဖူးမြော်ခြင်းငှာ ဤတရားသဘင် အစည်းအဝေးသို့ လာရောက်ကြပါကုန်၏" ဟု (ရွတ်ဆို၏)။

ထို့နောက် တစ်ဦးသော ဗြဟ္မာသည် မြတ်စွာဘုရား၏ အထံတော်၌ ဂါထာကို ရွတ်ဆို၏–

> "(အရှင်ဘုရား) ထို (အစည်းအဝေး) ၌ ရဟန်းတို့သည် မိမိစိတ်ကို တည်ကြည်စေလျက် ဖြောင့်မတ်စွာ

ပြုထားပါကုန်၏။ ရထားထိန်းသည် (မြင်းဇက်) ကြိုး တို့ကို ကိုင်၍ ထိန်းသကဲ့သို့ ပညာရှိ (ရဟန်း) သည် ဣန္ဒြေတို့ကို ထိန်းသိမ်းတော်မူကြပါကုန်၏" ဟု (ရွတ် ဆို၏)။

ထို့နောက် တစ်ဦးသော ဗြဟ္မာသည် မြတ်စွာဘုရား၏ အထံတော်၌ ဤဂါထာကို ရွတ်ဆို၏–

"(အရှင်ဘုရား) မြတ်စွာဘုရား ကောင်းစွာ ဆုံးမ ထားပြီ ဖြစ်၍ တဏှာကင်းလျက် သန့်ရှင်းစင်ကြယ် သော ထိုရဟန္တာငယ်တို့သည် (ရာဂ ဒေါသ မောဟ တည်းဟူသော) ခလုတ်တံသင်းနှင့် တံခါးကျည်း မင်းတုပ် ကို ဖြတ်ပြီးလျှင် (ရာဂ ဒေါသ မောဟ တည်းဟူသော) တံခါးတိုင်ကို နုတ်၍ လှည့်လည် သွားလာနေကြကုန် ၏" ဟု (ရွတ်ဆို၏)။

ထို့နောက် တစ်ဦးသော ဗြဟ္မာသည် မြတ်စွာဘုရား၏ အထံတော်၌ ဤဂါထာကို ရွတ်ဆို၏–

"(အရှင်ဘုရား) မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်သူ အားလုံးတို့သည် အပါယ်ဘုံသို့ မရောက်ကြပါကုန်လတ္တံ့။ လူ့ခန္ဓာကို စွန့်ပယ်၍ နတ် ပြည်၌ ဖြစ်ကြကုန်လတ္တံ့" ဟု (ရွတ်ဆို၏)။

## နတ်အစည်းအဝေး

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏–
"ရဟန်းတို့ စကြဝဠာ တစ်ထောင်စီရှိသော လောကဓာတ် ဆယ်ခုတို့မှာ နတ် ဗြဟ္မာတို့သည် မြတ်စွာဘုရားကို လည်း

ကောင်း၊ ရဟန်း သံဃာကို လည်းကောင်း ဖူးမြော်ခြင်းငှာ အများအားဖြင့် စည်းဝေး လာရောက်ကုန်၏။ ရဟန်းတို့ အတိတ်ကာလ၌ ပွင့်တော်မူသော ပုဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားတို့၏ လက်ထက်တော်၌လည်း ယခု ငါ၏ လက်ထက်၌ကဲ့သို့ ဤမျှ အတိုင်းအရှည်ရှိသော နတ် ဗြဟ္မာတို့သည် စည်းဝေးခဲ့ကြကုန်ပြီ။

"ရဟန်းတို့ အနာဂတ် ကာလ၌ ပွင့်တော်မူလတ္တံ့သော ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားတို့၏ လက်ထက်တော်၌လည်း ယခု ငါ၏ လက်ထက်၌ကဲ့သို့ ဤမျှ အတိုင်းအရှည်ရှိသော နတ် ဗြဟ္မာတို့သည် စည်းဝေးကြကုန်လတ္တံ့။

"ရဟန်းတို့ နတ် ဗြဟ္မာတို့၏ အမည်တို့ကို ကြော်ငြာပေအံ့။ ရဟန်းတို့ နတ် ဗြဟ္မာ အပေါင်း၏ အမည်တို့ကို ဟောကြားပေအံ့။ ထိုစကားကို နာကြလော့။ ကောင်းစွာ နှလုံးသွင်းကြလော့။ ဟောပေအံ့" ဟု (မိန့်တော်မူ၏)။

"ကောင်းပါပြီ အရှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏-

ရဟန်းတို့ ဂါထာဖွဲ့၍ ဟောကြားပေအံ့။ အကြင် ရဟန်းတို့သည် ဘုမ္မစိုးနတ်တို့ မှီဝဲ နေထိုင်ရာဖြစ်သော ထိုထိုအရပ်ကို မှီ၍ နေကုန်၏။ တောင်ခေါင်းကိုမှီ၍ နေကုန်၏။ ထိုရဟန်းတို့သည် နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ် ရှိကုန်၏။ တည်ကြည်သောစိတ် ရှိကုန်၏။ ထိုများစွာသော ရဟန်းတို့သည် ကြက်သီးမွေးညင်းမျှထခြင်း မရှိမူ၍ ခြင်္သေ့မင်းကဲ့သို့ တစ်ပါးတည်း ကိန်း

အောင်းလေ့ ရှိကုန်၏။ ဖြူစင်သောစိတ်ရှိ၍ နောက်ကျူကင်းလျက် သန့်ရှင်း ကြည်လင်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည် မဟာဝုန် တော၌ တပည့်သာဝက ငါးရာကျော်တို့ သာသနာတော်ဝယ် မွေ့ လျော်နေကြသည်ကို သိတော်မူ၍ "ရဟန်းတို့ နတ် ဗြဟ္မာ အပေါင်း တို့သည် ရှေးရှု လာရောက်လျက် ရှိကုန်၏။ ထို (နတ် ဗြဟ္မာ အပေါင်း) တို့ကို (ဒိဗ္ဗစက္ခုဉာဏ်ဖြင့်) သိကုန်လော့" ဟု မိန့်တော် မူ၏။ ထိုရဟန်းတို့သည်လည်း မြတ်စွာဘုရား၏ အဆုံးအမကို ကြားနာရ၍ (သိခြင်းငှာ) အားထုတ်ကုန်၏။

ထိုရဟန်းတို့အား နတ် ဗြဟ္မာတို့ကို မြင်စွမ်းနိုင်သော ဒိဗ္ဗ စက္ခုဉာဏ်သည် ထင်ရှား ဖြစ်ပေါ်၏။ အချို့သော ရဟန်းတို့သည် နတ် ဗြဟ္မာ တစ်ရာကို မြင်ကုန်၏။ အချို့သော ရဟန်းတို့သည် တစ်ထောင်ကို၊ အချို့သော ရဟန်းတို့သည် ခုနစ်သောင်းကို၊ အချို့သော ရဟန်းတို့သည် နတ် ဗြဟ္မာ တစ်သိန်းကို မြင်ကုန်၏။ အချို့သော ရဟန်းတို့သည် နတ် ဗြဟ္မာ အနန္တကို မြင်ကုန်၏။ အရပ်မျက်နှာ အားလုံးတို့သည် နတ် ဗြဟ္မာတို့ဖြင့် ပြည့်နှက်လျက် ရှိကုန်၏။

ထိုအခါ စက္ခုငါးပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားသည် (ထိုရဟန်းတို့၏ အသီးသီးမြင်ပုံ) အလုံးစုံကို ထူးသော ဉာဏ်ဖြင့် သိ၍ ပိုင်းခြား မှတ်သားတော်မူပြီးလျှင် သာသနာတော်၌ မွေ့လျော် ကုန်သော တပည့် သာဝကတို့အား မိန့်တော်မူ၏။

ရဟန်းတို့ နတ် ဗြဟ္မာ အပေါင်းတို့သည် ရှေးရှုလာရောက် လျက် ရှိကုန်၏။ ထို (နတ် ဗြဟ္မာ) တို့ကို (ဒိဗ္ဗစက္ခုဉာဏ်ဖြင့်)

သိကုန်လော့။ ယင်း နတ် ဗြဟ္မာ အပေါင်းတို့ကို သင်တို့အား ဂါထာဖြင့် အစဉ်အတိုင်း ငါ ပြောကြားပေအံ့။

(ရဟန်းတို့) မြေ၌ တည်ကုန်သော ကပိလဝတ်ပြည်ကို မှီ၍ နေကုန်သော တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော ထို ခုနစ်ထောင်သော နတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။ ဟိမဝန္တာတော၌ နေကုန်သော အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော၊ တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော ခြောက်ထောင်သော နတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

သာတာဂိရိတောင်၌ နေကုန်သော အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော၊ တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော သုံးထောင်သော နတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော၊ တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော ဤ တစ်သောင်းခြောက်ထောင်သော နတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

ဝေဿာမိတ္တတောင်၌ နေကုန်သော အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော၊ တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော ငါးရာသော နတ်တို့သည်

မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

ရာဇဂြိုဟ်ပြည် ဝေပုလ္လတောင်၌ နေကုန်သော ကုမ္ဘီရနတ် (စစ်သူကြီး) ကို အသိန်းမကသော နတ်တို့သည် ခြံရံ ခစားကုန်၏။ ရာဇဂြိုဟ်ပြည်၌ နေကုန်သော ထိုကုမ္ဘီရနတ် (စစ်သူကြီး) သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ လာရောက်ကုန်၏။

အရှေ့အရပ်ကို အုပ်စိုးသော ဂန္ဓဗ္ဗနတ်တို့၏အရှင် ဓတရဋ္ဌ (နတ်မင်းကြီး) သည် များသောအခြံအရံရှိ၏။

ထို (နတ်မင်းကြီး) ၏ သားတော်တို့သည် များလှကုန်၏။ ခွန်အားကြီးကုန်သော၊ တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော ဣန္ဒ အမည်ရှိသော ထိုသားတော်တို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

တောင်အရပ်ကို အုပ်စိုးသော ကုမ္ဘဏ်တို့၏အရှင် ဝိရူဠှက (နတ်မင်းကြီး) သည် များသောအခြံအရံရှိ၏။

ထိုနတ်မင်းကြီး၏ သားတော်တို့သည် များလှကုန်၏။ ခွန်အားကြီးကုန်သော၊ တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော ဣန္ဒ အမည်ရှိသော ထိုသားတော်တို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

အနောက်အရပ်ကို အုပ်စိုးသော နဂါးတို့၏အရှင် ဝိရူပက္ခ (နတ်မင်းကြီး) သည် များသောအခြံအရံရှိ၏။

ထို (နတ်မင်းကြီး) ၏ သားတော်တို့သည် များလှကုန်၏။

ခွန်အားကြီးကုန်သော၊ တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော ဣန္ဒ အမည်ရှိသော ထိုသားတော်တို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

မြောက်အရပ်ကို အုပ်စိုးသော နတ်ဘီလူးတို့၏အရှင် ကုဝေရ (နတ်မင်းကြီး) သည် များသောအခြံအရံရှိ၏။

ထို (နတ်မင်းကြီး) ၏ သားတော်တို့သည် များလှကုန်၏။ ခွန်အားကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော ဣန္ဒ အမည်ရှိသော ထိုသားတော်တို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

အရှေ့အရပ်၌ ဓတရဋ္ဌ (နတ်မင်းကြီး)၊ တောင်အရပ်၌ ဝိရူဠှက (နတ်မင်းကြီး)၊ အနောက်အရပ်၌ ဝိရူပက္ခ (နတ်မင်းကြီး)၊ မြောက်အရပ်၌ ကုဝေရ (နတ်မင်းကြီး)။

ထိုနတ်မင်းကြီး လေးယောက်တို့သည် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့၌ အလွန်တောက်ပကုန်လျက် ကပိလပြည် မဟာဝုန်တော၌ တည်ရှိကုန်၏။

ထို (နတ်မင်းကြီး) တို့၏ ကျွန်ယုံတော် ဖြစ်ကုန်သော၊ ပရိယာယ်မာယာ များကုန်သော၊ လှည့်စားတတ်ကုန်သော၊ ကောက်ကျစ်စဉ်းလဲတတ်ကုန်သော မာယာနတ်၊ ကုဋ္ဌေဏ္ဍုနတ်၊ ဝိဋ္ဌေဏ္ဍုနတ်၊ ဝိဋ္ဋုစ္စနတ်၊ ဝိဋ္ဋုဋ္ဌနတ်နှင့်တကွ–

စန္ဒနနတ်၊ ကာမသေဋ္ဌနတ်၊ ကိန္နုဃဏ္ဍုနတ်၊ နိဃဏ္ဍုနတ်တို့သည် လာရောက်ကုန်၏။ ပနာဒနတ်၊ ဩပမညနတ်၊ ရထားထိန်း မာတလိနတ်၊ စိတ္တ မည်သော ဂန္ဓဗ္ဗနတ်၊ သေန မည်သော

ဂန္ဓဗ္ဗနတ်၊ စိတ္တသေန မည်သော ဂန္ဓဗ္ဗနတ်၊ နဠရာဇာနတ်၊ ဇန ဝသဘနတ်၊ ပဉ္စသိခနတ်၊ တိမ္ဗရုနတ်၊ သူရိယဝစ္ဆသာ နတ်သမီး။

ဤ (ဆိုခဲ့ပြီးသော ဂန္ဓဗ္ဗနတ်) တို့သည် လည်း ကောင်း တစ်ပါးသော နတ်မင်းကြီးတို့နှင့်အတူ မဟာ ဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက် ဝမ်းသာ လာရောက်ကုန်၏။

ထိုမှတစ်ပါး နာဂသအိုင်၌ နဂါးတို့နှင့် ဝေသာလီ၌ နေသော နဂါးတို့သည် နဂါးပရိသတ်နှင့်အတူ လာ ရောက်ကုန်၏။ ကမ္ဗလ မည်သော နဂါး၊ အဿတရ မည်သော နဂါးနှင့် မယာဂဆိပ်၌ နေသော နဂါးတို့သည် ဆွေမျိုးတို့နှင့်အတူ လာရောက်ကုန်၏။

အခြံအရံ များကုန်သော ယမုနာမြစ်၌ နေသော နဂါးတို့နှင့် ဓတရဋ္ဌ အမျိုး၌ဖြစ်သော နဂါးတို့သည် လာရောက်ကုန်၏။ ဧရာဝဏ် ဆင်ပြောင်ကြီး မည်သော ထိုနတ်သားသည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ လာရောက်ကုန်၏။

အကြင် ဂဠုန်တို့သည် (ဆိုခဲ့ပြီးသော) နဂါးမင်း တို့ကို အနိုင်အထက်ပြု၍ ဖမ်းယူနိုင်ကုန်၏။ နတ်ကဲ့သို့ အာနုဘော် ရှိကုန်၏။ (အမိဝမ်းနှင့် ဥခွံ အတွင်းမှ) နှစ်ကြိမ် မွေးဖွားရကုန်၏။ အတောင် ရှိကုန်၏။ စင် ကြယ်သော မျက်စိအမြင် ရှိကုန်၏။ စိတြသုပဏ္ဏာ အမည် ရှိကုန်၏။ ထိုဂဠုန်တို့သည် ကောင်းကင်ခရီးဖြင့် တော အုပ် အလယ်သို့ ရောက်လာကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဂဠုန်မှ ဘေးငြိမ်း

အောင် ပြုတော်မူသဖြင့် နဂါးတို့အား ဘေးကင်းလေ၏။ နဂါးနှင့် ဂဠုန်တို့သည် သိမ်မွေ့သော စကားတို့ဖြင့် ခေါ်ဝေါ် ပြောဆိုလျက် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ကြကုန်၏။

ဝရဇိန်လက်နက် ရှိသော သိကြားမင်းကို စစ်ရှုံးသဖြင့် သမုဒ္ဒရာကို မှီ၍နေရကုန်သော အသူရာတို့သည် သိကြားမင်း၏ ညီနောင်တို့ပင် ဖြစ်ကုန်၏။ တန်ခိုးကြီးကုန်၏။ အခြံအရံ များကုန်၏။

ကာလဥ္စ အသူရာတို့သည် ကြီးမား၍ ကြောက်မက်ဖွယ်ကောင်းသော ကိုယ်ကို ဖန်ဆင်းလျက် လာကုန်၏။ ဒါဝေဃသ မည်သော (လေးသမား) အသူရာ၊ ဝေပစိတ္တိ အသူရာ၊ သုစိတ္တိ အသူရာ၊ ပဟာရာဒ အသူရာတို့သည် မာရ်နတ်သားနှင့်အတူ လာရောက်ကုန်၏။

အားလုံးပင် ဝေရောစ အမည်ရှိသော ဗလိ အသူရာကြီး၏သား တစ်ရာတို့သည် ဗလိ အသူရာ စစ်တပ်ကို လက်နက်တပ်ဆင်ပြီးလျှင် ရာဟု အသုရိန်ကြီးထံ ချဉ်းကပ်၍ သင့်အား ကောင်းခြင်းမင်္ဂလာ (ဖြစ်ပါစေသတည်း) မဟာဝုန်တော ရဟန်းတို့ အစည်းအဝေးသို့ သွားရန် အချိန်တန်ပြီဟု ပြောဆိုကုန်၏။

ထိုအခါ အာပေါနတ်၊ ပထဝီနတ်၊ တေဇောနတ်၊ ဝါယောနတ်၊ ဝရုဏာနတ်၊ ဝါရဏနတ်၊ သောမကရုဏာနတ်တို့သည်လည်း လာရောက်ကုန်၏။

တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော အားလုံးပင် အမျိုးမျိုး

သော အသွေးအရောင် ရှိကုန်သော ဆယ်မျိုး ကွဲပြားသော ဤနတ်အစုအရုံး ဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

ဝေဏ္ဍုနတ်၊ သဟာလိနတ်၊ အသမနတ်တို့နှင့်တကွ ယမနတ် နှစ်မျိုးတို့သည် လာရောက်ကုန်၏။ လ ၏ အခြံအရံ ဖြစ်သော နတ်တို့သည် လ နတ်မင်းကို ရှေ့ထား၍ လာရောက်ကုန်၏။

နေ၏ အခြံအရံဖြစ်သော နတ်တို့သည် နေနတ်မင်းကို ရှေ့ထား၍ လာကုန်၏။ ကြယ်တို့၏ အခြံအရံ ဖြစ်ကုန်သော နတ်တို့သည် ကြယ်နတ်မင်းကို ရှေ့ထား၍ လာရောက်ကုန်၏။ စန္ဒဝလာဟကနတ်တို့သည်လည်း လာရောက်ကုန်၏။

နတ်တို့၏ အကြီးအမှူး ဖြစ်သော ရှေး၌ အလှူပေးဖူးသော ဝါသဝ မည်သော သိကြားမင်းသည်လည်း လာရောက်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော၊ တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော၊ ဆယ်မျိုး ကွဲသော ဤနတ်အစုအရုံး ဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

ထိုမှတစ်ပါး မီးလျှံကဲ့သို့ တောက်ပသော သမာဘူနတ်တို့သည် လည်းကောင်း၊ အောင်မဲညိုပွင့်နှင့် တူ

သော အဆင်းရှိသော အရိဋ္ဌနတ်တို့သည် လည်းကောင်း၊ ရောဇနတ်တို့သည် လည်းကောင်း–

ဝရုဏနတ်တို့သည် လည်းကောင်း၊ သဟဓမ္မနတ်တို့သည် လည်းကောင်း၊ အစ္စုတနတ်တိုသည် လည်းကောင်း၊ အနေဇကနတ်တို့သည် လည်းကောင်း၊ သုလေယျနတ်တို့သည် လည်းကောင်း၊ ရုစိရနတ်တို့သည် လည်းကောင်း လာရောက်ကုန်၏။ ဝါသဝနေသိ အမည်ရှိသော နတ်တို့သည် လာရောက်ကုန်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော၊ အာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော၊ ဆယ်မျိုးကွဲသော ဤနတ်အစည်းအရုံး ဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

သမာန နတ်တို့သည် လည်းကောင်း၊ မဟာသမာန နတ်တို့သည် လည်းကောင်း၊ မာနုသ နတ်တို့သည် လည်းကောင်း၊ မာနုသုတ္တမနတ်တို့သည် လည်းကောင်း၊ ခိဍ္ဍပဒေါသိကနတ်တို့သည် လည်းကောင်း လာရောက်ကုန်၏။ မနောပဒေါသိက နတ်တို့သည်လည်း လာရောက်ကုန်၏။

ထိုမှတစ်ပါး ဟရိနတ်တို့သည် လည်းကောင်း၊ လောဟိတ ဝါဂိနတ်တို့သည် လည်းကောင်း လာရောက်ကုန်၏။ အခြံအရံ များသော ပါရဂနတ်တို့သည် လည်း

ကောင်း၊ မဟာပါရာနတ်တို့သည် လည်းကောင်း လာရောက်ကုန်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော၊ တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော၊ ဆယ်မျိုးကွဲသော ဤနတ်အစုအရုံး ဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

သုက္ကနတ်တို့သည် လည်းကောင်း၊ ကရမ္ဘနတ်တို့သည် လည်းကောင်း၊ အရုဏနတ်တို့သည် လည်းကောင်း၊ ဝေဃနသနတ်နှင့်တကွ လာရောက်ကုန်၏။ ဩဒါတဂယှ မည်သော ပါမောက္ခနတ်တို့သည် လည်းကောင်း၊ ဝိစက္ခဏနတ်တို့သည် လည်းကောင်း လာရောက်ကုန်၏။

သဒါမတ္တနတ်တို့သည် လည်းကောင်း၊ ဟာရဂဇနတ်တို့သည် လည်းကောင်း၊ အခြံအရံ များကုန်သော မိဿကနတ်တို့သည် လည်းကောင်း လာရောက်ကုန်၏။ အရပ်မျက်နှာတို့၌ မိုးရွာစေလျက် သွားလာလေ့ရှိသော ပဇ္ဇုန်နတ်သည်လည်း မိုးထစ်ချုန်းစေလျက် လာရောက်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော၊ တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော၊ ဆယ်မျိုးကွဲသော ဤနတ်အစုအရုံး ဆယ်ခုတို့သည် မဟာဝုန်တော ရဟန်း

တို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

ခေမိယနတ်တို့သည် လည်းကောင်း၊ တုသိတာ (ပြည့်၌နေသော) နတ်တို့သည် လည်းကောင်း၊ ယာမာ (ပြည့်၌နေသော) နတ်တို့သည် လည်းကောင်း၊ အခြံအရံများကုန်သော ကဋ္ဌကနတ်တို့သည် လည်းကောင်း၊ လမ္ဘိတက နတ်တို့သည် လည်းကောင်း၊ လာမသေဋ္ဌနတ်တို့သည် လည်းကောင်း၊ ပရနိမ္မိတ (ဝသဝတ္တိ) နတ်တို့သည် လည်းကောင်း လာရောက်ကုန်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော၊ တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော၊ ဆယ်မျိုးကွဲသော ဤနတ်အစုအရုံး ဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော ထိုခြောက်ကျိပ်သော နတ်အစုအရုံး တို့သည်လည်း လာရောက်ကုန်သေး၏။ အမည် အနွယ်အလိုက် လာရောက်ကုန်၏။ (အမျိုးအမည်) တူသော တစ်ပါးသော နတ်တို့သည်လည်း လာရောက်ကုန်သေး၏။

ပဋိသန္ဓေနေခြင်း ကင်းပြီးသော (ရာဂ၊ ဒေါသ၊ မောဟ တည်းဟူသော) ခလုတ်တံသင်း မရှိသော ဩဃလေးဖြာမှ ကူးမြောက်ပြီးသော အာသဝေါတရား မရှိသော အရိယာ သံဃာတော်ကို လည်းကောင်း၊ ညစ်ညူး

ခြင်း ကင်းသည့် လမင်းသဖွယ် တင့်တယ်တော်မူသော သြဃလေးဖြာမှ ကူးမြောက်စေတော်မူသော မြတ်စွာဘုရားကို လည်းကောင်း ဖူးမြော်ကုန်အံ့ဟု ကြွေးကြော်၍ လာကုန်၏။

တန်ခိုး ကြီးမားတော်မူသော မြတ်စွာဘုရား၏ သားတော် ဖြစ်ကုန်သော သုဗြဟ္မာ မည်သော ဗြဟ္မာနှင့် ပရမတ္တ မည်သော ဗြဟ္မာတို့သည် အတူလာရောက်ကုန်၏။ သနင်္ကုမာရ ဗြဟ္မာတို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ လာရောက်ကုန်၏။

လက်တစ်ချောင်းဖြင့် စကြဝဠာ တစ်ထောင်၊ လက်ဆယ်ချောင်းဖြင့် စကြဝဠာ တစ်သောင်း တိုင်အောင် အရောင်အဝါ ပျံ့နှံ့စေနိုင်သော ဗြဟ္မာပြည်၌ ပဋိသန္ဓေ အားဖြင့် ဖြစ်သော၊ အာနုဘော်နှင့် ပြည့်စုံသော၊ ကြီးသော ကိုယ်ရှိသော၊ ကျက်သရေနှင့် ပြည့်စုံသော မဟာဗြဟ္မာသည် အခြား ဗြဟ္မာ တစ်ထောင်ကို လွှမ်းမိုးအုပ်စိုးလျက်တည်၏။

ဗြဟ္မာ တစ်ထောင်စီ အသီးသီး အစိုးရကုန်သော မဟာဗြဟ္မာ ဆယ်ဦးတို့သည် ဤအစည်းအဝေးသို့ လာရောက်ကုန်၏။ ထိုမဟာဗြဟ္မာတို့အနက် ဟာရိတ မည်သော မဟာဗြဟ္မာသည်လည်း (ဗြဟ္မာ တစ်သိန်း) ခြံရံလျက် လာရောက်၏။

ရဟန်းတို့ မာရ်နတ်၏ မိုက်မဲပုံကို ရှုကုန်လော့။ သိကြား၊ ဗြဟ္မာတို့နှင့်တကွ ရေးရှုလာကုန်သော ထို

နတ်ဗြဟ္မာ အားလုံးတို့ဆီသို့ မာရ်နတ်၏ စစ်သည်တို့
သည် ရှေးရှု ချီတက်လာကြကုန်ပြီ။
လာကြလော့၊ ဖမ်းကြလော့၊ နှောင်ဖွဲ့ကြလော့၊ ရာဂ
ဖြင့် ချည်တုပ်ကြလော့၊ ထက်ဝန်းကျင်မှ ဝိုင်းဝန်းထား
ကြလော့၊ သင်တို့သည် တစ်ဦးတစ်ယောက်ကိုမျှ မလွှတ်
ကြစေလင့်။

ဤသို့ဆိုလျက် စစ်သည် များစွာရှိသော မာရ်နတ်မင်းသည် မြေပြင်ကို လက်ဖြင့်ပုတ်ခတ်၍ လျှပ်စစ်နှင့်တကွ မိုးကြိုးထစ်ချုန်းသကဲ့သို့ ကြောက်မယ်ဖွယ် အသံကိုပြုလျက် ထိုအစည်းအဝေးသို့ မာရ်စစ်သည်ကို စေလွှတ်၏။ ထိုအခါ မာရ်နတ်မင်းသည် မိမိအလိုအတိုင်း မဖြစ်သောကြောင့် ပြင်းစွာ အမျက်ထွက်လျက် ပြန်ရလေ၏။

စက္ခုငါးပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားသည် ထိုအလုံးစုံကို ထူးသောဉာဏ်ဖြင့် သိ၍ ပိုင်းခြား မှတ်သားတော်မူပြီးလျှင် သာသနာတော်၌ မွေ့လျော်ကုန်သော တပည့် သာဝကတို့အား "ရဟန်းတို့ မာရ်နတ် စစ်သည်တို့သည် ရှေးရှု ချီတက်လာကုန်၏။ ထို မာရ်နတ်စစ်သည်တို့ကို သိကုန်လော့" ဟု မိန့်တော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ အမိန့်တော်ကို ကြား၍ (သိအောင်) အားထုတ်ကုန်၏။ (မာရ်စစ်သည်တို့သည်) ထိုရဟန္တာတို့၏ မွေးညင်းကိုမျှလည်း မလှုပ်ရှားစေနိုင်သည် ဖြစ်၍ ထိုရဟန္တာတို့ထံမှ ဖယ်ခွာသွားလေကုန်ပြီ။

(ထိုအခါ မာရ်နတ်မင်းသည် ရဟန်းသံဃာကို အာရုံ
ပြု၍ ဤဂါထာကို ရွတ်ဆို၏။)

စစ်ပွဲကို အောင်မြင်ပြီးကုန်သော
ကြောက်ရွံ့ခြင်း ကင်းပြီးကုန်သော
ကျော်စောခြင်း ရှိကုန်သော
ထို သာဝက အားလုံးတို့သည်
အရိယာတို့နှင့်အတူဝမ်းမြောက်ကုန်၏။

(ဆဠာယတနသင်္ဂါယနာတင် ပိဋကတ်တော် ဒီဃနိကာယ်ဝင် သုတ္တန်ပိဋကတ် မဟာဝဂ် ပါဠိတော် မြတ်မာပြန်)။

## ၃၇–မင်း

ဣန္ဒာ ကိုးဖြာ
မြတ်မဟာ ရက္ခ
စိတ်သေဂုန် ဝဒိခွင်းလို့
ကြွင်း၌ာဝိ နတ်စစ်မှူးကို
ထူးမှတ်ပါကြ။

ကင်းဝန်မင်းကြီး စပ်ဆိုသော ၃၇–မင်း ရေတွက်နည်း ဒွေးချိုး ဖြစ်၏။ မဟာသမယသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်သူသည် ၃၇–မင်း အကြောင်းကို ကောင်းစွာ သိသင့်ပါ၏။ ၃၇–မင်း ဟူသည် ၃၇–ပါးသော နတ်များဖြစ်၏။ ၃၇–မင်း နတ်များကို ရေတွက်ခြင်းမှာ မှော်ဆရာ၊ နတ်ဝင်ပုဏ္ဏာခန်း၊ သဘင်သည်တို့၏ ရေတွက်ခြင်းနှင့် ပညာရှင်တို့၏ ရေတွက်ခြင်း ဟူ၍ နှစ်မျိုးနှစ်စားရှိ၏။

မှော်ဆရာ စသူတို့သည် ၃၇–မင်းကို အတွင်း ၃၇–မင်းနှင့် အပြင် ၃၇–မင်း ဟူ၍ ခွဲခြားပြီး ပြောကြားကြသေး၏။ ထိုသူတို့၏ ၃၇–မင်း ဖြစ်ပေါ်ခြင်း အကြောင်းရင်းမှာ ပုဂံ ညောင်ဦး ရွှေစည်းခုံ ဘုရားက နတ်ရုပ်များကို အစွဲပြု၍ဖြစ်၏။ ထိုသူတို့သည် ရွှေစည်းခုံ ဘုရား တန်ဆောင်းအတွင်းက နတ်ရုပ် ၃၇–ရုပ်ကို အတွင်း ၃၇–မင်းဟု ခေါ်ကြ၍၊ တန်ဆောင်းအပြင်ဘက်က နတ်ရုပ် ၃၇–ရုပ်ကို အပြင် ၃၇–မင်းဟု ခေါ်ကြခြင်းဖြစ်၏။ ယင်းတို့မှာ သိကြား၊

မဟာဂိရိ၊ နှမတော်၊ တောင်ကြီးရှင် စသည်တို့ ဖြစ်၏။ ထိုတွင် ပညာရှင်တို့သည် သိကြားမှတစ်ပါး အခြားနတ်များကို အသိအမှတ် မပြုကြချေ။ သို့ရာတွင် ပညာရှင်တို့သည် ၃၇–မင်း ဟူသော အရေအတွက် အမှတ်အသားကိုကား လိုက်လျောခဲ့ကြ၏။

ရှေး မြန်မာတို့သည် ၃၇–မင်းကို အဘယ်ကြောင့် နှစ်သက်ကြသည် မသိ။ ၃၇–မင်းနှင့် ပတ်သက်သော မြန်မာမှုတို့ကို အများအပြားပင် ခွင်းချန်ထားခဲ့ကြ၏။ ယင်းတို့မှာ သီချင်း ၃၇–ချင်း၊ နတ် ၃၇–မင်း၊ သဘင် ၃၇–ရပ်၊ စာရေး ၃၇–ချင်း၊ သိုင်းရေး ၃၇–ချင်း၊ ကာရေး ၃၇–ချင်း၊ ဒိုင်းရေး ၃၇–ချင်း၊ တက်ရေး ၃၇–ချင်း၊ အဲမောင်းရေး ၃၇–ချင်း၊ ဆံထုံး ၃၇–ချင်း စသည်တို့ ဖြစ်ကုန်၏။ စင်စစ် ယင်းတို့သည် မြန်မာမှု ၃၇–ပါးတို့ပင် ဖြစ်ကုန်၏။

မော်ဆရာ၊ နတ်ဝင်ပုဏ္ဏားနှင့် သဘင် စသူတို့သည် ညောင်ဦး ရွှေစည်းခုံဘုရားက နတ်ရုပ်များကို ၃၇–မင်းဟု သမုတ်ပြီး ကိုးကွယ် ဆည်းကပ်နေကြ၏။ ထိုသူတို့၏ ယင်းသို့ ကိုးကွယ် ဆည်းကပ်ခြင်းတို့မှာ မှားယွင်းသော ကိုးကွယ် ဆည်းကပ်ခြင်းတို့ ဖြစ်၏။ ထို့ကြောင့် ပညာရှင် သူတော်စင်တို့သည် ထိုသူတို့၏ မှားယွင်းသော ကိုးကွယ်ဆည်းကပ်ခြင်းကို မှန်ကန် ကောင်းမွန်စေရန် အစီအစဉ် ပြုလုပ်ပေးကြ၏။ ယင်းမှာ မြတ်စွာဘုရား ဟောကြားတော်မူသော ပါထိကဝဂ် ပါဠိတော် အာဋာနာဋိယသုတ်မှ နတ်များဖြင့် အစားထိုးပေးခြင်း ဖြစ်၏။ ထိုသုတ်လာ နတ်များ၊ ဘီလူးများ၊ နတ်ကြီး–ဘီလူးကြီးများ၊ စစ်သူကြီးများ၊ စစ်မဟာသေနာပတိများမှာ (၄၀) မျှရှိ၏။

(၁) ဣန္ဒ၊ (၂) သောမ၊ (၃) ဝရုဏ၊ (၄) ဘာရဒ္ဒါဇ၊ (၅) ပဇာပတိ၊ (၆) စန္ဒန၊ (၇) ကာမသေဋ္ဌ၊ (၈) ကိန္နုဂဏ္ဍု၊ (၉) နိဂဏ္ဍု။

(၁) ပနာဒ၊ (၂) ဩပမည၊ (၃) မာတလိ၊ (၄) ဂန္ဓဗ္ဗ၊ (၅) စိတ္တသေန၊ (၆) နဠောရာဇာ၊ (၇) ဇနေသဘ။

(၁) သာတာဂိရိ၊ (၂) ဟေမဝတ၊ (၃) ပုဏ္ဏက၊ (၄) ကရတိယ၊ (၅) ဂုဠ၊ (၆) သိဝက၊ (၇) မုစလိန္ဒ၊ (၈) ဝေဿာမိတ္တ၊ (၉) ယုဂန္ဓရ၊ (၁၀) ဂေါပါလ၊ (၁၁) သုပ္ပဂေဓ၊ (၁၂) ဟိရိ၊ (၁၃) နေတ္တိ၊ (၁၄) မန္ဒိယ။

(၁) ပဉ္စာလ၊ (၂) စဏ္ဍ၊ (၃) အာဠဝက၊ (၄) ပဇ္ဇုန္န၊ (၅) သုခုမ၊ (၆) ဒဓိမုခ၊ (၇) မဏိ၊ (၈) မာဏိဝရ၊ (၉) ဒီဃ။

ဤကား အာဋာနာဋိယသုတ်၌ လာသော နတ်များ၊ ဘီလူးများ၊ နတ်ကြီး–ဘီလူးကြီးများ၊ စစ်သူကြီးများ၊ စစ်မဟာသေနာပတိများ၏ အမည်တို့ ဖြစ်ကုန်၏။ ကင်းဝန်မင်းကြီး စပ်ဆိုသော ဒွေးချိုး၌ ဣန္ဒာဒိ ကိုးဖြာမှာ အထက်ဖော်ပြပါ ဣန္ဒ အစ နိဂဏ္ဍု အဆုံးရှိသော နတ်ကြီးကိုးပါးတို့ ဖြစ်၏။

"စိတ်သေဂုန် ဝဒိခြွင်းလို့" အဆိုပါ နတ်ကြီးကိုးပါးမှတစ်ပါး ကြွင်းကျန်သော နတ်တို့တွင် စိတ္တသေနနတ်၊ ဂုဠနတ်နှင့် ဝဒိနတ် သုံးပါးကို ခြွင်းချန်ထား၍ ကြွင်းကျန်သော နတ် (၂၈) ဦးတို့မှာ နတ်စစ်မှူးကြီးတို့ ဖြစ်ကြသည်။ နတ်ကြီး (၉) ပါးနှင့် နတ်စစ်မှူး (၂၈) ပါးကို ပေါင်းသော် (၃၇) မင်း ဖြစ်သောဟူ၏။

ဤတွင် ဖော်ပြသော အာဋာနာဋိယသုတ်လာ နတ်အမည်တို့မှာ ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော် မြန်မာပြန်မူအတိုင်း ဖြစ်၏။ ကင်းဝန်မင်းကြီး ခြွင်းချန်သော နတ်သုံးဦးအနက် နောက်

ဆုံးက 'ဝဒိ' နတ်ကို ဤစာရင်း၌ မတွေ့ရချေ။ ထို့ပြင် ထိုနတ်သုံးဦးကို အဘယ်ကြောင့် ခြွင်းချန်သည်ဟုလည်း မသိရချေ။ ထို့ကြောင့် (၃၇) မင်းကား ဖြစ်သွား၏။ ဤနတ်စစ်မှူး (၂၈) ဦးတို့ကို အာနန္ဒစဉ့်ကွင်း၌ တွေ့နိုင်လေသည်။

ပညာရှင်တို့ ရေတွက်ပြသော အာဋာနာဋိယသုတ်လာ ဤ ၃၇–မင်းတို့မှာ ရှိခိုးပူဇော်ရန် ကိုးကွယ်ဆည်းကပ်ရန် မဟုတ်ချေ။ အကယ်၍ တစ်စုံတစ်ယောက်ကို နတ်ဆိုး (ဘီလူး) ဖမ်းစားလျှင် ထိုနတ်တို့ကို တိုင်ကြားရန် ဖြစ်၏။ တိုင်ကြားနည်းကိုလည်း ထိုပါဠိတော်၌ ဖော်ပြထား၏။

"ဤဘီလူးသည် ဤသူကို ဖမ်းစား၏။ ဤဘီလူးသည် ပူးဝင်၏။ ဤဘီလူးသည် နှိပ်စက်၏။ ဤဘီလူးသည် ညှဉ်းဆဲ၏။ ဤဘီလူးသည် ဆင်းရဲစေ၏။ ဤဘီလူးသည် ပင်ပန်းစေ၏။ ဤဘီလူးသည် မလွတ်လို" ဟု သိစေအပ်၊ တိုင်တန်းအပ်၊ ပြောကြားအပ်၏ဟု လာရှိ၏။

အခါတစ်ပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ နတ်မင်းကြီး လေးယောက်တို့သည် ရောက်လာပြီး မြတ်စွာဘုရားအား ဤ အာဋာနာဋိယသုတ်ကို လျှောက်ကြားခြင်း ဖြစ်၏။ ပြီးလျှင် "အရှင်ဘုရား၊ ဤအာဋာနာဋိယ ပရိတ် အရံအတားသည် ရဟန်း ယောကျ်ား၊ ရဟန်း မိန်းမ၊ ဥပါသကာ ယောကျ်ား၊ ဥပါသိကာ မိန်းမတို့၏ အကာအကွယ် အစောင့်အရှောက် အလို့ငှာ မပင်ပန်း မဆင်းရဲစေခြင်းငှာ ချမ်းသာစွာနေရခြင်းငှာ ဖြစ်ပါ၏" ဟု လျှောက်ကြားသွားလေသည်။

သို့ဖြင့် ပါဠိတော်လာ ၃၇–မင်း နတ်တို့မှာ ရှိခိုးပူဇော်ရန်

ကိုးကွယ်ဆည်းကပ်ရန် မဟုတ်။ သေးအန္တရာယ် အရံအတား အနေဖြင့် တိုင်ကြားရန်ဖြစ်ကြောင်း ကောင်းစွာ သိနိုင်၏။ ထို့အတူ မြန်မာတို့၏ အစဉ်အလာ ၃၇–မင်း နတ်တို့လည်း ရှိခိုးပူဇော်ရန် ကိုးကွယ်ဆည်းကပ်ရန် မဟုတ်ချေ။ မဟုတ်ကြောင်းကိုလည်း သူတို့၏ နတ်ချင်းတို့ဖြင့် ကောင်းစွာ သိနိုင်၏။ သူတို့ကို ချစ်ကြပါ သနားကြပါဟု တောင်းပန်သော သနားစရာတို့သာ ဖြစ်ကြ၏။ ဤအတွက် မဟာဂိရိ နတ်သံကို နမူနာအဖြစ် ထုတ်ကြည့်သင့်၏–

ခါးစည်းငယ်မှ ဝေသီလေ ...
ကြော့ရှာလွန်းသည်၊ တစ်ကျွန်းတင့်နိုး
ဆင်ပုဆိုးမှာ၊ ပိုးထဘီနှင့်
အကျီငယ်မှ ခါသာ၊ အလက်ဖွာကို
ဘယ်ညာနောက်က၊ မနောင့်ကျနှင့်
ညာကယပ်ဆောင်၊ ခမောက်ရွှေပေ
ကြေးရွှန်းဝေသည်၊ သပြေရောင်နှင့်
ကြော့ခေါင်ငယ်ယဉ်လှ၊ မယ့်မောင်ငယ်လာသည်
မသာကောင်း–တကောင်းကတဲ့–
နှမငယ်ဆင်းရောင်၊ ချောသူမောင်ကို
အခေါင်ထွတ်တင်၊ တကောင်းရှင်က
စိတ်တွင်မလုံ၊ မယုံလေတတ်
မင်းစည်းစိမ်ကို ဆွတ်နှိမ်ချိုးစည်
လုနိုးထင်လို့၊ မျှုးမတ်တို့အား
ဖမ်းလေ–သတ်လေ၊ မိန့်တော်ရွှေနှင့်
စေခန့်ထားသော်၊ ရှောင်ရှားငါ့မှာ

လွတ်ရာရှန်းလို့၊ ပုန်းနေရာတွင် ...
မာယာငယ်ပြုပြင်၊ နှမရင်းချာ
လှမြတ်စွာကို၊ တောင်ညာတင်လို့
သွေးငင်ငယ်မှ လှည့်ဖြား၊ မြို့ကွပ်ခန့်မည်
ချော့စားပြီးလျှင်၊ ယုံကြည်မှားအောင်
အရှင်လတ်လတ်၊ စကားညွှန့်ရှည်
ပင်စည်စည့်မှာ၊ ချည်ကာထားလို့
ရေဓားခံသီး ရှေ့လုံ့ပြီးလို့
မီးနှင့်သတ်သော် ...
နတ်ကြီးငယ်မှ စင်စစ်၊ ငါ့သျှင်ဖြစ်သည်
ချစ်လို့မဝ၊ နှမရင်းချာ
ရှင်ထွေးလှနှင့်၊ စောမယ်ယာ–
ငါ့မှာမည်ရင်း၊ မဟာဂိရိ
သိရိထင်ရှား၊ မောင်တင့်တယ်ဟု
ပျော်ဖွယ်သာသည်၊ ရွှေညာသားကို
ပြားလို့ချစ်ပါ–မင်းတကာတို့။

ယခုအခါ နတ်ဝင်ပုဏ္ဏားတို့သည် မင်းမဟာဂိရိ ပူးဝင် ကပြသော်လည်း ဤနတ်သံး မဆိုကြချေ။ ကာလပေါ် တေးဂီတတို့ဖြင့်သာလျှင် ပူးဝင် ကပြနေကြ၏။ အခြား နတ်တို့လည်း ထို့အတူပင် ဖြစ်ကုန်၏။ ရှေးက မှော်ဆရာ နတ်ဝင်ပုဏ္ဏားနှင့် သဘင်သည်တို့ လက်ခံ ယုံကြည်သော ၃၇–မင်း နတ်တို့ကိုလည်း မှတ်သားသင့်ပါသည်။

(၁) သိကြား၊ (၂) မဟာဂိရိ၊ (၃) နှမတော်ကြီးရင်၊ (၄) ရွှေနပေ၊ (၅) တောင်မကြီး၊ (၆) သုံးပန်လှ၊ (၇) ရှင်မဲမိ၊ (၈)

ထီးဖြူဆောင်း မယ်တော်၊ (၉) ပရိမ္မရှင်မင်းခေါင်၊ (၁၀) ရှင်ကွ၊ (၁၁) ထီးဖြူဆောင်၊ (၁၂) မန္တလေး ဘိုးတော်၊ (၁၃) ရွှေဖျဉ်းကြီး၊ (၁၄) ရွှေဖျဉ်းငယ်၊ (၁၅) ညောင်ချင်း၊ (၁၆) ကိုးကျောင်းဒကာ၊ (၁၇) မင်းကျော်စွာ၊ (၁၈) မင်းစည်သူ၊ (၁၉) အနော်ကမိဖုရား၊ (၂၀) ရွှေစစ်သင်၊ (၂၁) မယ်တော်ရွှေစံကား၊ (၂၂) ငါးစီးရှင်၊ (၂၃) အနောက်မိဖုရား၊ (၂၄) မင်းတရားကြီး၊ (၂၅) မောင်ပိုးတူ၊ (၂၆) အောင်ပင်လယ် ဆင်ဖြူရှင်၊ (၂၇) ရှင်ကုန်း၊ (၂၈) သံတော်ခံ၊ (၂၉) ရွှေနော်ရထာ၊ (၃၀) မြောက်ဘက်ရှင်မ၊ (၃၁) တပင်ရွှေထီး၊ (၃၂) ယွန်းဘုရင်၊ (၃၃) တောင်ငူ ရှင်မင်းခေါင်၊ (၃၄) မင်းရဲ အောင်ထင်၊ (၃၅) ရှင်ဘော်၊ (၃၆) အောင်မင်းဖြူ၊ (၃၇) မင်းသား မောင်ရှင်။

ဤကား ရွှေစည်းခုံ တန်ဆောင်းအတွင်း၌ ရှိသော အတွင်း ၃၇–မင်းတို့ ဖြစ်၏။ ထိုတန်ဆောင်း အပြင်ဘက်က အပြင် ၃၇–မင်းတို့လည်း ရှိသေး၏။

(၁) ပြသမိဂ်၊ (၂) ရွှေစင်၊ (၃) ဘုံသကြီး၊ (၄) သွေသင်၊ (၅) ရွှေမြို့ဆင်၊ (၆) ရွှေညိုဆင်၊ (၇) ဇမ္ဗူချမ်းသာ၊ (၈) ဇမ္ဗူ ကျက်သရေ၊ (၉) ဇမ္ဗူသပြေ၊ (၁၀) ဇမ္ဗူတန်ဆောင်၊ (၁၁) ဇမ္ဗူ တမွတ်၊ (၁၂) ဇမ္ဗူမှန်ကင်း၊ (၁၃) ရွှေသက်စိုး၊ (၁၄) ရသမိဂ်၊ (၁၅) မမောသရ၊ (၁၆) ရွှေပြည်သင်၊ (၁၇) စုံသင်းကြီး၊ (၁၈) အာဋ္ဌဝီ၊ (၁၉) အာဋ္ဌဝ၊ (၂၀) ကြေးစန္ဒီ၊ (၂၁) ကြေးစန္ဒာ၊ (၂၂) မာရ်နတ်၊ (၂၃) သကဒါဂါမ်နတ်၊ (၂၄) သရသွတီ၊ (၂၅) နေ့သင်၊ (၂၆) ဆင်ဖြူရှင်၊ (၂၇) ဆွေသင်၊ (၂၈) ဖက်မရှင်၊ (၂၉) မြင်းဖြူ ရှင်၊ (၃၀) ယဉ်နှင်း၊ (၃၁) အနာဂါမ်နတ်၊ (၃၂) သောတာပန်နတ်၊

(၃၃) ဖိုးထင်၊ (၃၄) သိကြား၊ (၃၅) ကိုးမြို့ရှင်၊ (၃၆) ရွှေစကား၊ (၃၇) ပွဲစားကြီး။

ပါဠိ၌ နတ်တို့မှာ ပါဠိလို ဖြစ်၍ မြန်မာနတ်တို့လည်း မြန်မာလိုပင် ဖြစ်၏။ ထိုအမည်နာမ ဝေါဟာရတို့ကို စစ်ဆေး ဝေဖန်သဖြင့် အကျိုးထူးလှမည် မဟုတ်ချေ။ အရေးကြီးသည်မှာ မှားယွင်းစွာ မကိုးကွယ်မိဖို့ပင် ဖြစ်၏။ ဤအတွက် ဓမ္မပဒ ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားသော တရားကို လေးစားစွာ မှတ်သားသင့်လှ၏။

ကြောက်ရွံ့ ထိတ်လန့်ကုန်သော များစွာသော လူတို့သည် တောင်တို့ကို လည်းကောင်း၊ တောတို့ကို လည်းကောင်း၊ အရံတို့ကို လည်းကောင်း၊ အဓိကရ သစ်ပင်နတ်ကွန်းတို့ကို လည်းကောင်း ကိုးကွယ်ကြကုန်၏။ (၁၈၈)

ဤ တောတောင်အရံ အဓိကရ သစ်ပင် စသော ကိုးကွယ်ရာ ဟူသမျှကို ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်း မဟုတ်။ မြတ်သော ကိုးကွယ်ခြင်း မဟုတ်။ ဤကိုးကွယ်ရာ ဟူသမျှကို ကိုးကွယ် ဆည်းကပ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ မလွတ်မြောက်နိုင်။ (၁၈၉)

အကြင်သူသည် မြတ်စွာဘုရားကို လည်းကောင်း၊ တရားတော်ကို လည်းကောင်း ကိုးကွယ် ဆည်းကပ်၏။ ထိုသူသည် ဆင်းရဲအမှန် ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန် သမုဒယသစ္စာ၊ ဆင်းရဲလွန်မြောက်ရာအမှန် နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာသို့ ရောက်ကြောင်း

အမှန် အင်္ဂါရှစ်ပါး ရှိသော မြတ်သော မဂ္ဂသစ္စာ ဟူသော အရိယ သစ္စာလေးပါးတို့ကို ကောင်းစွာ မဂ်ဉာဏ်ဖြင့် မြင်နိုင်၏။ (၁၉၀၊ ၁၉၁)

ဤ ရတနာ သုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ် ဆည်းကပ်ခြင်း မည်၏။ မြတ်သော ကိုးကွယ် ဆည်းကပ်ခြင်း မည်၏။ ဤ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်းကြောင့် ဒုက္ခ ခပ်သိမ်းမှ လွတ်မြောက်၏။ (၁၉၂)

## နတ်ပြဿနာ

နတ်ပြဿနာမှာ 'သတပဒိက ပုစ္ဆာ ဝိသဇ္ဇနာ' ကျမ်း၌ မန်လည် ဆရာတော် မေး၍ မင်းကွန်း အလယ်တောရ ဆရာတော် ဖြေဆိုသော နတ်နှင့်ပတ်သက်သော အမေးအဖြေတို့ ဖြစ်၏။ မဟာသမယသုတ်မှာ နတ်တို့နှင့် တန်ဆာဆင်ထားသဖြင့် ဆရာတော်တို့ ကတ်ကတ် သတ်သတ် စဉ်းစားသော နတ်ပြဿနာကိုလည်း မှတ်သားသင့်၏။

### ၁–အမေး

ဆကာမ ဘူမိမှာ
ကုမာရီ နတ်အပျို
လူလိုတဲ့ပေလား၊
ပွင့်မြဲငယ်မို–
တစ်လလျှင် တစ်ကြိမ်အညီပ

ချိန်ရာသီ ပေါ်တဲ့ပန်းငယ်
လန်းပါစလား။

## ၁–အဖြေ

ဆကာမ ဘူမိမှာ
ကုမာရီ နတ်အပျို
လူတို့လိုဟုတ်ပဲ၊
ပွင့်မြဲငယ်မို–
ရှစ်ရက်လျှင် တစ်ကြိမ်စီပ
ချိန်ရာသီ ပေါ်တဲ့ပန်းငယ်
လန်းမပွင့်မြဲ

'ဆကာမဘူမိ' ဟူသည်မှာ ကာမခြောက်ဘုံ ဖြစ်၏။ ထိုဘုံတို့မှာ– (၁) စတုမဟာရာဇ်၊ (၂) တာဝတိံသာ၊ (၃) ယာမာ၊ (၄) တုသိတာ၊ (၅) နိမ္မာနရတိ၊ (၆) ပရနိမ္မိတဝသဝတီတို့ ဖြစ်၏။ ထိုဘုံက နတ်အပျိုတို့သည် လူအပျိုတို့လိုပင် တစ်လတစ်ကြိမ် ရာသီပေါ်သလောဟု မေးခြင်းဖြစ်၏။ အဖြေမှာ ထိုနတ်အပျိုတို့မှာ လူအပျိုတို့ကဲ့သို့ ရာသီပန်းမပေါ် ဟူသတည်း။ "နတ်သားတို့၌ သုတ်လွှတ်ခြင်း မရှိသကဲ့သို့ နတ်သမီးတို့၌လည်း ရာသီပန်းမပွင့်ဟုမှတ်" စသည်လည်း မှတ်ချက်ချ၏။

## ၂–အမေး

အပွေပို–
မဖြေလိုစိတ်တော်ရှိပါနှင့်
ခင်သိသာမို့၊

နတ်ခြောက်ဆူ–
ချစ်သွေး နှစ်ကိုယ်မြှုလို့
ဟိုအမူ လူလိုချင်းပေထင်
သင်းက ဘယ်သို့။

## ၂–အဖြေ

အပွေပို–
မဖြေလို စိတ်တော်ရှိပါဘူး
ကိုယ်သိသာမို့၊
နတ်ခြောက်ဆူ–
ချစ်သွေး နှစ်ကိုယ်မြှုလို့
ဟိုအမူ လူလိုကျင့်ကြတယ်
သင်းက ဤသို့။

မင်းကွန်းဆရာတော်သည် ဤပုစ္ဆာအဖြေမှာ မြန်မာလို မှတ်ချက် မချချေ။ တေရသကဏ်ဋီကာကို "မနုဿာ ဝိယဟိ တေ ဒွယံဒွယသမာပတ္တိံဝသေနေဝ မေထုနံ ပဋိသေဝန္တိ" စသည်ဖြင့် ပါဠိလိုသာ ကိုးကားသွား၏။ ဘယ်ဘာသာဖြင့် ပြောကြားသည် ဖြစ်စေ ဤစကားပင် ဖြစ်၏။ ဤအမူကိစ္စပင် ဖြစ်၏။

## ၃–အမေး

တွေ့မဆုံ–
ကြည့်မျှော်ရုံ ရယ်ရွှင်ကြကာနှင့်
ကိစ္စကုန်ကြောင်း၊
ဆိုကြဟန်–

စင်စစ်ကယ်မှန်–မမှန်လို့
မြတ်ကျမ်းဂန် ဘယ့်နှယ်ရှိတယ်
ဘုန်းသိသင့်ကောင်း။

## ၃–အဖြေ

တွေ့မဆုံ–
ကြည့်မျှော်ရုံ ရယ်ရွှင်ကြကာနှင့်
ကိစ္စကုန်ခဲ့၊
ဆိုကြဟန်–
စင်စစ်ကယ်မမှန်ဟု
မြတ်ကျမ်းဂန် သည့်နှယ်ရှိတယ်
ဘုန်းသိပါငဲ့။

ဆရာတော်သည် ဤပုစ္ဆာ အဖြေမှာလည်း တေရသကဏ္ဍ ဠီကာကို ကိုးကားပြီး ပါဠိလိုပင် မှတ်ချက်ချ၏။ မြန်မာလို ရှင်းရှင်း ရေးပါလျှင် ရိုင်းသည်ဟု ထင်ကြမည်စိုး၍ ဖြစ်လိမ့်မည်။ မှတ်သား ဖွယ် ပါဠိမှာ "န ဟိ ကာယေန အဖုသန္တာ ဖောဋ္ဌဗ္ဗံ ကာမကိစ္စံ သာဓေတိ" ဖြစ်၍ ဤအတိုင်းပင် မှတ်သားရပါမည်။

## ၄–အမေး

နတ်ခြောက်ဘုံ–
မောင်နှံစုံ လူလိုရှိတယ်လို့
ခင်သိမှုကား၊
မိန့်ပရှင်–
နတ်ကလျာ လုံမယ်ခင်တို့

လူ့နယ်ပင် နှုတ်ငုံပိုက်တယ်
သား နို့တိုက်လား။

## ၄–အဖြေ

နတ်ခြောက်ဘုံ–
မောင်နှံစုံ လူလိုရှိသည်ဟု
မှန်သိမယွင်း၊
မိန့်လိုက်ပြီ–
နတ်ကလျာ မယ်ဒေဝီတို့
နှုတ်ငုံချီ လွယ်မပိုက်တယ်
သား နို့တိုက်ကင်း။

ဤစကားကိုလည်း မိလိန္ဒပဥှာ လောကပညတ္တိကျမ်းတို့၌ ယေဘုယျနည်းအားဖြင့် ဆိုသည့်အတိုင်း ဖြေဆိုလိုက်သည်။ အပွကအားဖြင့် နတ်ခြောက်ဘုံတို့တွင် စတုမဟာရာဇ်ဘုံ၌ အကျုံးဝင်သော ဘုမ္မစိုးနတ်တို့မှာမူကား လူတို့ကဲ့သို့ နှုတ်ငုံပိုက်ဘူးလည်း ရှိသေးသည်ပင်။

## ၅–အမေး

နတ်ဗြဟ္မာ စုတေ့က
လူ့ပြကတေ့ သမုဋ္ဌာန်လို
ရုပ်ကျန်ခဲ့လေသလား၊
ရုပ်ကျန်လျှင်–
ဘယ်နည်း ဘယ်ပုံဆင်လိမ့်
မြေရေတွင် ချကာ မြှုပ်
မီးဖုတ်သလား။

## ၅–အဖြေ

နတ်ပြဟ္မာ စုတေ့က
လူပြကတေ့ သမုဋ္ဌာန်လို
ရုပ်မကျန်လေဘဲ၊
မြေမီးတွင်–
မြုပ်ဖုတ်ကင်· ဘယ်မှာရပါ့မယ်
ဆီမီးလျှံ–
ငြိမ်းချုပ်ဟန် ပုံတူပြတယ်
ကင်းချုပ်ကြမြဲ။

ပါဠိသမုဋ္ဌာနကို သမုဋ္ဌာန်ဟု ခေါ်၏။ သမုဋ္ဌာန ဟူသည်မှာ ဖြစ်ပေါ်ခြင်း ဖြစ်ပေါ်ကြောင်း ဖြစ်၏။ နတ် ပြဟ္မာတို့ စုတေကွယ်လွန်သောအခါ လူတို့အဖြစ်ကဲ့သို့ ရုပ်ခန္ဓာ မကြွင်းကျန်သောကြောင့် မြေမှာ မမြုပ် မီးမှာ မဖုတ်ရချေ။ သူတို့သည် ဆီမီးကို ငြိမ်းလိုက်သကဲ့သို့ ပျောက်ပျက်သွားကြသည်။ ဓမ္မပဒ အဋ္ဌကထာ ပတိပူဇိကာဝတ္ထုမှာ "နတ်သမီး တစ်ယောက်သည် သစ်ကိုင်းပေါ်မှ စုတေသွား၏။ ကိုယ်ကာယသည် ဆီမီးကဲ့သို့ ငြိမ်းသွား၏" ဟု ဖွင့်ဆို၏။

## ၆–အမေး

မြေဘုတ်ကောင်–
ရုပ်အယောင် မမြင်ရပါဘူ့
လူများအပေါင်း၊
သည်ဖြစ်ဟန်–

တန်ခိုးငယ် မန္တန်နှင့်
ဘယ်စွမ်းအန် ဆိုပါသင့်
ကျမ်းဖွင့်ရှိကောင်း။

**၆–အဖြေ**

မြေဘုတ်ကောင်–
ရုပ်အယောင် မမြင်ရချေဘု့
သူ ငါ့ အများ၊
သည်ဖြစ်ဟန်–
သတ္တိဂုဏ် တန်တန်နှင့်
ဆေးစွမ်းအန် ဆိုပါသင့်
ကျမ်းဖွင့်ရှိသား။

မြေဘုတ်သာ ဆေးအစွမ်းကြောင့် မမြင်ရသည် မဟုတ်ပါသေး။ ဝိဇ္ဇာဓိုရ် ပုဂ္ဂိုလ်တို့လည်း ဆေးအစွမ်းကြောင့် မမြင်ရသည်သာ။ မြေဘုတ် ဝိဇ္ဇာတို့သာ မမြင်ရသည် မဟုတ်ပါသေး။ ဂုဏ်သတ္တိရှိသော ဆေးစွမ်းကြောင့် လူပကတိပင် မမြင်ကွယ်ပျောက်ခြင်းသို့ ရောက်နိုင်လေသည်။

**၇–အမေး**

ပြောကြလျှင်–
လောကတွင် တစ္ဆေရှိသတဲ့
ဆွေသိငဲ့သား၊
သိပါချင်–
ရှိပါလျှင် တစ္ဆေဆိုတဲ့

သည်ပုဂ္ဂိုလ် ကောင်သရုပ်ကို
ကျမ်းအုပ်လို့ ကြား။

၇–အဖြေ

ပြောကြလျှင်–
လောကတွင် တစ္ဆေရှိသည်ဟု
နှံ့သိကျော်ကြား၊
မျိုးထူးထွေ–
သည်တစ္ဆေရှိသည် ဟုတ်ပါ့ဘူး
မြေဘုတ်ကို တစ္ဆေပြောကြတယ်
လောက လူများ။

ဂတိ ငါးပါးမှ ထူးပြား၍ တစ္ဆေမျိုးတစ်ခု ရှိသည် မဟုတ်။ မြေဘုတ် ပြိတ္တာတို့ကိုသာလျှင် ခြိမ်းခြောက်တတ်သောကြောင့် "တဇ္ဇေတိ" ဟူသော သဒ္ဒါကို စွဲ၍ တဇ္ဇေဟု ခေါ်ဝေါ်ကြသည်။ ထိုတဇ္ဇေကိုပင်လျှင် ကာလမြင့်၍ တစ္ဆေ ခေါ်ကြသည်။ ခြိမ်းခြောက်သည် ဟူသည်လည်း ကိုယ်ထင်ပြခြင်း၊ ညှဉ်းဆဲခြင်း၊ အနံ့ပေးခြင်း၊ ကြောက်အောင်ပြုခြင်း၊ ပူးဝင်ခြင်းကို ပြုခြင်းပင်တည်း။

၈–အမေး

ခေါ်ပလီ–
ဇော်ဂနီ စုန်းကောင်ရှိသတဲ့
လူသိရှင်ကြား၊
ထိုစုန်းကောင်–
ဘယ်မျိုး ဘယ်ကောင်လို့

ကျမ်းသုံးစောင် ဒဋ္ဌိငုံတဲ့
ညဏ်စွယ်စုံ ကဝေချောင်ယ်
ဟောခဲ့ပါလား။

**၈–အဖြေ**

ခေါ်ပလီ–
ဇော်ဂနီ စုန်းကောင်ရှိသည်ဟု
လူသိရှင်ကြား၊
ဇော်ဂနီ–
နတ်စိမ်းကိုသူမှီလို့
ဃရ်ဏီ အိမ်ရှင်မကို
တတ်ပညာ သူတွင်ရသောကြောင့်
စုန်းမပင် ခေါ်ဆိုပြောကြ
လောကလူများ။

ဇော်ဂနီ ဟူသည်ကား မိစ္ဆာနတ် ဖြစ်သည်။ ထိုမိစ္ဆာနတ်ကို အလိုရှိတိုင်း စေခိုင်းနိုင်သော အတတ်ပညာရှိသော အိမ်ရှင် မိန်းမကိုသာ စုန်းဟု သမုတ်ကြသည်။ ဇော်ဂနီကို စုန်းမ မဆိုကြ။ စုန်းလည်း မဟုတ်၊ မိစ္ဆာနတ်စိမ်းသာ ဖြစ်သည်။ ထိုမိစ္ဆာနတ်သည်လည်း ကဝေသာရကျမ်း အလိုအားဖြင့် ဒေဝဇော်ဂနီ၊ ဗျဂ္ဃဇော်ဂနီ၊ ယက္ခဇော်ဂနီ၊ ဣန္ဒဇော်ဂနီ ဟူ၍ ဇော်ဂနီ လေးပါး၊ ဒေဝကာကနီ၊ ဗျဂ္ဃကာကနီ၊ ယက္ခကာကနီ၊ ဣန္ဒကာကနီ ဟူ၍ ကာကနီမျိုး လေးပါး အားဖြင့် ရှစ်ပါး အပြားရှိ၏။ ဇော်ဂနီ ဟူသည်လည်း လောကဝေါဟာရအားဖြင့် ယောဂီကို ဇော်ဂီ ခေါ်သကဲ့သို့ ယောဂနီကို ဇော်ဂနီ ခေါ်ခြင်း ဖြစ်သည်။ ထိုစကား မှန်၏။ ပုဏ္ဏားလူမျိုးတို့

သည် ယ ကို ရွတ်ဆိုလျှင် ဇ သံကဲ့သို့ ထွက်သည်။ ဇ သံကဲ့သို့ ကြားသည်။ မြန်မာလူမျိုးတို့လည်း ကြားရာသို့ လိုက်၍ ယောဂီ ကို ဇော်ဂီဟု၊ ယောဂိနီကို ဇော်ဂနီဟု ခေါ်ဆိုကြသည်။

### ၉–အမေး

စိတ်ကြံစည် ထင်တိုင်းပ
မဆိုင်းတဲ့ မကြာ
သုံး၌ာနလိုပါတယ်
နတ်ဒေဝါတသင်း
မနာပ ကာယီဆို
ကံကုသိုလ် ထူးပါဘိခြင်း
နတ်ကာမ ခြောက်စုံတွင်
ဘယ်ဘုံမှာ ပျော်ခင်း
ပုံသေသေ သွေမယွင်းအောင်ပ
နေရင်းတဲ့ ရပ်ခွင်
ပါဠိအာဂုံနှင့်
လာပုံကို ရှေ့ညာဏ်ရှု
ဘုန်းယခု မိန့်လိုက်စေချင်
ပုံမခက်ပ ဂုဏ်မျက်ရှင်ငယ်
စုံစက်အင် သမ္ဘတ်မို့
ဖန်ရဟတ် အဝါတစ်ထောင်
ထွန်းသည်ထက်ပြောင်
မချန်လောက်ပါတဲ့ သံကောက်မှောင်
ရှေ့ညာဏ်ရောင် လင်းပါကွဲ့လေး။

## ၉–အဖြေ

စိတ်ကြံစည် ထင်သမျှ
မနောပကာယာ
သုံးဌာန ကြွသရာ
စိတ်လိုရာ ဖန်ဆင်း
အာကာ် ဝဏ္ဏံမှာ
အသံပါ သုခမကြွင်း
နတ်ကာမ ခြောက်စုံတွင်
ဝတိန်ဘုံ ပျော်ခင်း
နိမ္မာန ဘုံတွင်းမှာ
နေရင်းပ ရပ်ဌာန်
ပါဠိတော် အာဂုံနှင့်
လာပုံကို ရှေ့ညာဏ်ရှု
ဘုန်းယခု မိန့်ဆိုလိုက်ဟန်
စိတ်မှာသွင်းလို့ မငြင်းဆန်တယ်
မယွင်းမှန် ယူမှတ်တော့
တစ်ဆူနတ် သူရကန်နေရောင်
ထွန်းသည်ထက်ပြောင်
မချန်လောက်ပါတဲ့ သံကောက်မှောင်ကို
ရှေ့ညာဏ်ရောင် လင်းလိုက်ကွဲ့လေး ...။

မနောပကာယိက အမည်ရှိသော နတ်တို့သည် စိတ်အလိုရှိတိုင်း သုံးမျိုးကို အစိုးရကြ၏။ ယင်းတို့မှာ အလိုရှိသော အဆင်း၊ အသံနှင့် သုခ ဖြစ်၏။ ထိုနတ်တို့သည် နတ်ခြောက်ဘုံတွင် အဘယ်

ဘုံ၌ နေသနည်းဟု မေးခြင်း ဖြစ်၏။ ထိုနတ်တို့သည် တာဝတိံ သာနှင့် နိမ္မာနရတိဘုံမှာ နေကြသော ဟူ၏။

## စရိုက် ခြောက်ပါး

မဟာနတ်ပွဲ ဖြစ်သော မဟာသမယသုတ်မှ ပွင့်ထွန်းလာသော ဗုဒ္ဓမေ့ ခြောက်စောင်တွဲမှာ သတ္တဝါတို့၏ စရိုက် ခြောက်ပါး အားလျော်စွာ ဟောကြားတော်မူသော သုတ်ခြောက်သုတ် ဖြစ်၏။ ထို့ကြောင့် ဤသုတ်တို့ကို မဖတ်မီ သတ္တဝါတို့၏ စရိုက် ခြောက်ပါးကို အသင့်အတင့် သိထားသင့်၏။ သို့မဟုတ်ပါက မိမိ ကိုယ်တိုင်ကိုပင် ဘာမှန်းမသိဘဲ ဖြစ်နေလိမ့်မည်။

စရိုက် ဟူသည်မှာ အကျင့်သဘော ဖြစ်၏။ ထိုစရိုက်တို့မှာ (၁) ဒေါသစရိုက်၊ (၂) ရာဂစရိုက်၊ (၃) မောဟစရိုက်၊ (၄) သဒ္ဓါစရိုက်၊ (၅) ဗုဒ္ဓိစရိုက်၊ (၆) ဝိတက်စရိုက်အားဖြင့် ခြောက်ပါး အပြား ရှိ၏။

ရာဂထူပြော အားကောင်းသူအား ကုသိုလ်စိတ် ဖြစ်သောအခါ သဒ္ဓါအားကောင်း၏။ သဒ္ဓါသည် ရာဂနှင့် နီးသည့် ဂုဏ်ရှိသောကြောင့် ဖြစ်၏။ အကုသိုလ် အဖို့မှာ ရာဂသည် နူးညံ့ သိမ်မွေ့သကဲ့သို့ ကုသိုလ်အဖို့မှာ သဒ္ဓါသည် နူးညံ့ သိမ်မွေ့၏။ ရာဂသည် ကာမဝတ္ထုကို ရှာသကဲ့သို့ သဒ္ဓါသည် သီလ စသော ဂုဏ်ကိုရှာ၏။ ရာဂသည် အကျိုးစီးပွားမဲ့ကို မစွန့်သကဲ့သို့ သဒ္ဓါသည် အကျိုးစီးပွားကို မစွန့်။ ထို့ကြောင့် ရာဂထူပြော အားကောင်းသူသည် သဒ္ဓါထူပြော အားကောင်းသူနှင့် သဘောတူ၏ဟု ဆိုကြခြင်းဖြစ်၏။

ဒေါသထူပြော အားကောင်းသူအား ကုသိုလ်စိတ် ဖြစ်သော အခါ ဒေါသနှင့်နီးသည့် ဂုဏ်ရှိသောကြောင့် ပညာ အားကောင်း၏။ အကုသိုလ်အဖို့၌ ဒေါသသည် နူးညံ့သိမ်မွေ့၍ အာရုံကို မကပ်ငြိသကဲ့သို့ ကုသိုလ်အဖို့၌ ပညာသည် နူးညံ့သိမ်မွေ့၍ အာရုံကို မကပ်ငြိ။ ဒေါသသည် မမှန်သောအပြစ်ကိုသာလျှင် ရှာသကဲ့သို့ ပညာသည် ဟုတ်မှန်သော အပြစ်ကို ရှာ၏။ ဒေါသသည် သတ္တဝါကို ကြဉ်ရှောင်သော အခြင်းအရာအားဖြင့် ဖြစ်သကဲ့သို့ ပညာသည် သင်္ခါရကို ကြဉ်ရှောင်သော အခြင်းအရာအားဖြင့် ဖြစ်၏။ ထို့ကြောင့် ဒေါသထူပြော အားကောင်းသူသည် ပညာထူပြော အားကောင်းသူနှင့် သဘောတူ၏ဟု ဆိုကြခြင်း ဖြစ်၏။

မောဟထူပြောသူအား မဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်စေရန် လုံ့လပြုလျှင် မှားယွင်းသော အတွေးအကြံ ဝိတက်တို့ ဖြစ်ပေါ်လာကုန်၏။ ထိုဝိတက်တို့သည် မောဟနှင့် လက္ခဏာ နီးသောကြောင့် ဖြစ်၏။ မောဟသည် တွေဝေခြင်းဖြင့် ထက်ဝန်းကျင် နှောင့်ယှက်သောကြောင့် အမြဲ မတည်သကဲ့သို့ ဝိတက်သည် အာရုံ အထူးထူး အထွေထွေကို ကြံစည်တတ်သောကြောင့် အမြဲ မတည် ဖြစ်၏။ မောဟသည် အာရုံသို့ သက်ဝင်၍ မဆုံးဖြတ်နိုင်သောကြောင့် တုန်လှုပ်၏။ ထို့ကြောင့် မောဟ ထူပြောသူသည် ဝိတက် ထူပြောသူနှင့် သဘောတူ၏ဟု ဆိုကြခြင်းဖြစ်၏။

အဋ္ဌကထာ ဆရာကြီးတို့သည် ဘယ်သူ၌ ဘယ်စရိုက် ရှိသည်ကို ထိုသူ၏ သွားလာ နေထိုင်ခြင်းဖြင့် လည်းကောင်း၊ အလုပ်ကိစ္စဖြင့် လည်းကောင်း၊ အစားသောက်ဖြင့် လည်းကောင်း၊ ကြည့်ရှုခြင်း စသည်ဖြင့် လည်းကောင်း၊ တရားဖြစ်ခြင်းဖြင့် လည်းကောင်း ဝေဖန်ဆုံးဖြတ် လူကဲခတ်ကြ၏။

သွားလာ နေထိုင်ခြင်း စသည်ဖြင့် လူ့စရိုက်ကို သိနိုင်၏။

ရာဂစရိုက် ရှိသူသည် ယဉ်ကျေးသိမ်မွေ့ တင့်တယ်စွာ သွားလာ လှုပ်ရှားတတ်၏။ ဖြည်းဖြည်းသာသာ ညီညာစွာ ခြေချခြင်း ခြေကြွခြင်းရှိ၏။ ခြေရာမှာ အလယ်က မထိ။ သိမ်မွေ့စွာ ရပ်၏။ သေသပ်စွာ အိပ်ရာကိုခင်း၍ သက်သောင့်သက်သာ ကောင်းစွာ အိပ်၏။ ဖြည်းညင်းသာယာစွာ အိပ်ရာမှ ထ၍ ရွံ့ရှာသကဲ့သို့ စကားတုံ့ပြန်တတ်၏။

ဒေါသစရိုက် ရှိသူသည် ခြေဖျားဖြင့် မြေကို တူးဆွသကဲ့သို့ သွား၏။ ခြေကို အဆောတလျင် ကတိုက်ကရိုက် ချ၍ ကြွ၏။ ခြေရာသည် နောက်သို့ ဆွဲငင်သကဲ့သို့ ထင်၏။ ကြမ်းတမ်း ခိုင်မာသော အခြင်းအရာဖြင့် ရပ်၏။ ဖြစ်ကတတ်ဆန်း အိပ်ရာ ခင်း၍ ကိုယ်ကို ပစ်လှဲကာ မျက်မှောင်ကုပ်လျက် အိပ်၏။ လျင်မြန်စွာ ထ၍ မချေမငံ ငေါက်ဆတ်ဆတ် ပြောဆို၏။

မောဟစရိုက် ရှိသူသည် ထက်ဝန်းကျင် နှောက်သကဲ့သို့ သွား၏။ ကြောက်ရွံ့လျက် ခြေကိုချ၏။ ကြွ၏။ ခြေရာမှာ ခြေဖျား ဖနောင့်ဖြင့်သာ နင်းမိ၏။ အိပ်ရာမှာ ရှုပ်ပွေလျက် ခြေပစ်လက်ပစ် အိပ်၏။ အများအားဖြင့် မှောက်လျက် အိပ်၏။ ထသောအခါ သမ်းဝေ၏။

သဒ္ဓါစရိုက် ရှိသူတို့ကား ရာဂစရိုက်ရှိသူ စသည်တို့နှင့် တူကုန်၏။ ဤသို့ စသည်ဖြင့် ရှေးဦးစွာ လူ၏စရိုက်ကို သွားလာ နေထိုင်ခြင်းဖြင့် သိနိုင်၏။

အလုပ်ကိစ္စဖြင့်လည်း သူ၏စရိုက်ကို သိနိုင်၏။

ရာဂစရိုက် ရှိသူသည် မည်သည့် အမှုကိစ္စကိုမဆို ကောင်းမွန် သေသပ်စွာ ပြုလုပ်၏။ သက်သောင့်သက်သာ တင့်တယ်

ချောမောလှပစွာ ပြုလုပ်၏။ အဝတ်တန်ဆာ ဝတ်ဆင်ရာမှာလည်း သေသေသပ်သပ် အဆင်ပြေစွာ ဝတ်ဆင်၏။

ဒေါသစရိုက် ရှိသူအား အလုပ်ကိစ္စတို့ကို ကြမ်းတမ်း ခက်ထန် လျင်မြန်စွာ ပြုလုပ်၏။ မြဲမြဲကြပ်ကြပ် မညီမညွတ် တစေ့တစောင်း ပြုလေ့ရှိ၏။ အဝတ်တန်ဆာကိုလည်း တင်းတင်းရင်းရင်း မညီမညာ ဝတ်ဆင်၏။

မောဟစရိုက် ရှိသူသည် အလုပ်ကိစ္စတို့ကို မစင်မကြယ် မညီမညွတ် ပြုလုပ်၏။ မကျွမ်းမကျင် နှောင့်နှောင့်ယှက်ယှက် ရှုပ်ရှုပ်ထွေးထွေး မညီမညွတ် မပြေမပြစ် မပိုင်းမဖြတ် ပြုတတ်၏။ အဝတ်တန်ဆာမှာလည်း လျော့ရိလျော့ရဲ ရှုပ်ရှုပ်ထွေးထွေး ဖြစ်၏။

သဒ္ဓါစရိုက်ရှိသူ အစရှိသည်တို့ကို ထို ရာဂစရိုက်ရှိသူ အစရှိသည်တို့၏ ပြုမူပုံကို အစဉ်မှီး၍ သိနိုင်၏။ အကြောင်းကား ထို ရာဂစရိုက် ရှိသူတို့နှင့် သဘောတူသောကြောင့် ဖြစ်၏။

သဒ္ဓါစရိုက်ရှိသူ အစရှိသည်တို့ကို ထိုရာဂစရိုက်ရှိသူ အစရှိသည်တို့၏ ပြုမူပုံကို အစဉ်မှီး၍ သိနိုင်၏။ အကြောင်းကား ထို ရာဂစရိုက် ရှိသူတို့နှင့် သဘောတူသောကြောင့် ဖြစ်၏။

အစားအသောက်ဖြင့်လည်း လူ့စရိုက်ကို သိနိုင်၏။

ရာဂစရိုက် ရှိသူသည် နူးညံ့သိမ်မွေ့ ကောင်းမွန်ချိုမြိန်သော အစားအသောက်ကို ကြိုက်၏။ စားသောက်သောအခါလည်း အေးအေးဆေးဆေး သေသေသပ်သပ် အရသာခံ၍ စားသောက်၏။ ကောင်းမွန်သော အစားအသောက်ကို ရလျှင် လွန်စွာ ဝမ်းမြောက်တတ်၏။

ဒေါသစရိုက် ရှိသူသည် ကြမ်းတမ်းသော အစားအသောက်

ကို ကြိုက်၏။ စားသောက်သောအခါလည်း ပလုတ်ပလောင်းနှင့် အရသာမခံဘဲ မြန်မြန် စားသောက်တတ်၏။ မကြိုက်သော အစာအာဟာရနှင့် တွေ့ကြုံသော် နှလုံး မသာမယာ ဖြစ်တတ်၏။

မောဟစရိုက် ရှိသူသည် အမှတ်မထင်သော စားသောက်ဖွယ်ကို စားသောက်တတ်၏။ စားသောက်သောအခါလည်း မသေမသပ် ဖြစ်ကတတ်ဆန်း စားသောက်၏။

သဒ္ဓါစရိုက်ရှိသူ စသည်တို့ကိုလည်း ထို ရာဂစရိုက် ရှိသူစသည်တို့နှင့် တူသောကြောင့် ထိုသူတို့၏နည်းကို အစဉ်မှီးသဖြင့် သိနိုင်၏။

ကြည့်ရှုခြင်း အစရှိသဖြင့်လည်း လူ့စရိုက်ကို သိနိုင်၏။

ရာဂစရိုက် ရှိသူသည် အနည်းငယ် မွေ့လျော်ဖွယ် အာရုံကို မြင်၍ အံ့သြဖွယ်ကဲ့သို့ ကြာမြင့်စွာ ကြည့်တတ်၏။ အနည်းငယ်သော ဂုဏ်ကျေးဇူး၌လည်း ကပ်ငြိ၏။ ဟုတ်မှန်သော အပြစ်ကိုလည်း မယူတတ်။ ဖယ်ခွာသွားသော် မလွှတ်လို၍ ငဲ့ကွက်တတ်၏။

ဒေါသစရိုက် ရှိသူသည် အနည်းငယ် အဆင်မပြေသော အာရုံကိုမြင်၍ ပင်ပန်းသကဲ့သို့ ကြာမြင့်စွာ မကြည့်။ အနည်းငယ်သော အပြစ်ကိုလည်း အမျက်ထွက်ကာ အပြစ်ရှာ၏။ ဟုတ်မှန်သော ဂုဏ်ကျေးဇူးကို မယူတတ်။ ဖယ်ခွာသွားသောအခါ လွှတ်လိုက်သကဲ့သို့ မငဲ့မကွက် ထွက်သွား၏။

မောဟစရိုက် ရှိသူသည် သူတစ်ပါးပြောလျှင် ယုံတတ်၏။ သူတစ်ပါး ကဲ့ရဲ့လျှင် ကဲ့ရဲ့၍ သူတစ်ပါး ချီးမွမ်းလျှင် ချီးမွမ်း၏။ မိမိသည်ကား မသိခြင်း တည်းဟူသော ဥပေက္ခာဖြင့် လျစ်လျူရှုနေ၏။

အသံ ကြားရာ စသည်တို့၌လည်း ဤနည်းတူဖြစ်၏။

သဒ္ဓါစရိုက် ရှိသူ စသည်တို့အား ထိုရာဂစရိုက် ရှိသူ အစ ရှိသည်တို့နှင့် သဘောတူသောကြောင့် ထိုသူတို့၏ နည်းကို အစဉ် မှီးသဖြင့် သိနိုင်၏။

တရားတို့၏ ဖြစ်ခြင်းဖြင့်လည်း လူ့စရိုက်ကို သိနိုင်၏။

ရာဂစရိုက် ရှိသူအား မိမိ၌ ထင်ရှားရှိသော အပြစ်ကို ဖုံး လွှမ်းခြင်း လက္ခဏာရှိသော လှည့်ပတ်ခြင်းမာယာ၊ မိမိ၌ ထင်ရှား မရှိသော ဂုဏ်ကို ပြခြင်းလက္ခဏာရှိသော ယုတ်မာသော အလို၊ တက်ကြွထောင်လွှားခြင်း မာန၊ ရမ္မက်ကြီးခြင်း၊ အလိုကြီးခြင်း၊ မရောင့်ရဲခြင်း၊ ပြည်ကြီးသူတို့ကဲ့သို့ စံပယ်ခြင်း၊ မိမိကိုယ်နှင့် မိမိ ဥစ္စာပစ္စည်းကို တန်ဆာဆင်ခြင်းဖြင့် လျှပ်ပေါ်ခြင်း အစရှိ သော အယုတ်တရားကို များးကုန်၏။

ဒေါသစရိုက် ရှိသူအား အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း၊ သူ၏ဂုဏ်ကို သိမ်ဖျင်းအောင် လုပ်ခြင်း၊ ငြူစူခြင်း၊ ဝန်တိုခြင်း အစရှိသော တရားတို့ များကုန် ၏။

မောဟစရိုက် ရှိသူအား ထိုင်းမှိုင်းခြင်း၊ ပျံ့လွင့်ခြင်း၊ နောင် တစ်ဖန် ပူပန်ခြင်း၊ တွေးတောယုံမှားခြင်း၊ မသင့်သောအားဖြင့် မြဲစွာ စွဲလမ်းခြင်း၊ မိမိ စွဲလမ်းသော အယူမှားကို စွန့်နိုင်ခဲခြင်း အစရှိသော တရားတို့ များကုန်၏။

သဒ္ဓါစရိုက် ရှိသူအား လွတ်လွတ်စွန့်ကြဲခြင်းရှိသောအဖြစ် သူတော်ကောင်းတရားကို နာကြားလိုခြင်း၊ ဝမ်းမြောက်ခြင်း၊ မစဉ်း လဲခြင်း၊ မာယာမများခြင်း၊ ကြည်ညိုဖွယ်သော အရာတို့၌ ကြည်ညို ခြင်း အစရှိသော တရားသည် များကုန်၏။

ဗုဒ္ဓိစရိုက် ရှိသူအား ဆိုဆုံးမလွယ်သောအဖြစ်၊ မိတ်ဆွေ

ခင်ပွန်း ရှိသောအဖြစ်၊ အစားအသောက်၌ အတိုင်းအရှည်ကို သိသော အဖြစ်၊ သတိရှိခြင်း၊ နိုးကြားခြင်း၊ ထိတ်လန့်သင့်သော ဇာတိ ဇရာ မရဏာတရားတို့၌ ထိတ်လန့်ခြင်း၊ ထိတ်လန့်သည့် အတိုင်း အသင့်အားဖြင့် အားထုတ်ခြင်း ဤသို့ အစရှိသော တရားတို့ ဖြစ်ကုန်၏။

ဝိတက်စရိုက် ရှိသူအား စကားများခြင်း၊ အပေါင်းအသင်း၌ မွေ့လျော်ခြင်း၊ ကုသိုလ်တရား၌ မမွေ့လျော်ခြင်း၊ အမြဲမတည်ခြင်း၊ ညဥ့်အခါ အကြံအစည် ဟူသော အခိုးလွှတ်ခြင်း၊ နေ့အခါ ညက ကြံစည်သည့်အတိုင်း လုပ်သဖြင့် အလျှံလွှတ်ခြင်း၊ အာရုံသို့ စိတ်ကို ပေါက်လွှတ်ပြေးစေခြင်း အစရှိသော တရားတို့ အဖြစ်များကုန်၏။

## ဗုဒ္ဓဓမ္မ ခြောက်စောင်တွဲ

ဗုဒ္ဓဓမ္မ ခြောက်စောင်တွဲမှာ (၁) သမ္မာပရိဗ္ဗာဇနီယသုတ်၊ (၂) ကလဟဝိဝါဒသုတ်၊ (၃) မဟာဗျူဟသုတ်၊ (၄) စူဠဗျူဟသုတ်၊ (၅) တုဝဋ္ဋကသုတ်၊ (၆) ပုရာဘေဒသုတ်တို့ ဖြစ်၏။ ဤသုတ်တို့ကို ခုဒ္ဒကနိကာယ်ဝင် သုတ္တနိပါတ် ပါဠိတော်၌ လွယ်ကူစွာ တွေ့နိုင်၏။ ဗုဒ္ဓဓမ္မကို လေ့လာကြသော နိုင်ငံခြားသားတို့သည် အလွန်လေးစား မြတ်နိုးစွာ လေ့လာကြ၏။ ထို့ကြောင့် သူတို့၏ လေ့လာချက်တို့မှာ လွန်စွာ လေးနက်လျက် ကြည်လင်တောက်ပခြင်း ဖြစ်၏။

နိုင်ငံခြား ဗုဒ္ဓဓမ္မ သုတေသီတို့သည် ဗုဒ္ဓဓမ္မကို လေ့လာရာတွင် သုတ္တနိပါတ်ကို ကြည့်ရှု လေ့လာရန်အတွက် အထူး တိုက်

တွန်းလှေ့ရှိကြ၏။ သို့ရာတွင် သုတ္တနိပါတ်မှာ နိကာယ်ငါးရပ်တွင် ခုဒ္ဒကနိကာယ်ခေါ် နိကာယ်အငယ်စား၌ ပါဝင်၍ သူတို့၏ တိုက်တွန်းချက်ကို အလေးအနက် မပြုမိခဲ့ချေ။ ထို့ထက် ကြီးကျယ်သော နိကာယ်တို့၌သာ ဝဲလည်၍ နေခဲ့၏။ အကြောင်းကား အကျွန်ုပ်တို့သည် ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် ဗုဒ္ဓဓမ္မနှင့် ချစ်ကျွမ်းဝင်ခဲ့ကြ၏။ သူတို့ကား လေးဆယ်ကျော် အရွယ်နှောင်းခါမှ သူကြွယ်လောင်း လုပ်ချင်ကြသောကြောင့် ဖြစ်၏။ ထို့ကြောင့် သူတို့၏ တိုက်တွန်းချက်ကို အလေးအနက် မထားမိခြင်း ဖြစ်၏။ ဤအတွက် နောင်တရမိသည်။ အကယ်၍ စောစောသိရပါက စောစောပင် လွတ်မြောက်မှုကို ရပေမည်။

အကျွန်ုပ်တို့သည် ဗုဒ္ဓဓမ္မ၏ မုချအနှစ်သာရကို သစ္စာနှင့် အနတ္တဟု ခံယူကြ၏။ သစ္စာအတွက် ဓမ္မစက္ကပ္ပဝတ္တနသုတ်ကို လည်းကောင်း၊ အနတ္တအတွက် အနတ္တလက္ခဏာသုတ်ကို လည်းကောင်း ဖော်ထုတ်ကြ၏။ အမြဲမပြတ် ရွတ်ဖတ် သရဇ္ဈာယ်နေကြ၏။ အကယ်၍ ဤနှစ်သုတ်ကို ကောင်းစွာ သဘောပေါက်ပါလျှင် ပြီးမြောက်ပြီဟု ယူဆနေကြ၏။ ဘယ်သူသည် ဘယ်ဘာသာဖြင့် ဘယ်သဘောတရားကို တင်ပြမည်နည်း။ လာသမျှကို ဤနှစ်သုတ်မှ သက်ဆိုင်ရာ ပါဠိပုဒ်ကို ကောက်နုတ်ကိုးကားပြီး စံတင်လိုက်၏။ ဘယ်သူ ငြင်းနိုင်မည်နည်း။ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသည် မြတ်စွာဘုရား ရှေးဦးစွာ ဟောကြားသော တရားဖြစ်၏။ ထို့နောက် ဟောကြားသော တရားတို့မှာ ယင်းတို့ကို တန်ဆာဆင်ကာ ဖွင့်ဆိုခြင်းတို့သာ ဖြစ်ကုန်၏။ ထို့ကြောင့် မူရင်းကိုသာ ကြံ့ကြံ့ခိုင်ခိုင် စွဲကိုင်ထားခဲ့၏။ သို့ရာတွင် လောကကို သိတော်မူသော မြတ်စွာဘုရားသည် လူတိုင်းအား ဤသုတ် နှစ်သုတ်ကို

သာ ရွတ်ဆို ဟောကြားတော်မမူချေ။ လူအမျိုးမျိုးကို နည်းအမျိုးမျိုးဖြင့် ဟောကြားတော်မူ၏။ သို့ဖြင့် လူတို့သည် သစ္စာနှင့် အနတ္တကို တွေ့မြင်သွားကြ၏။

ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်မှာ ဗုဒ္ဓဓမ္မ၏ မူလအခြေခံဖြစ်၏။ ထို့ကြောင့် ဤနှစ်သုတ်ကိုကား အခြေခိုင်ခိုင် စွဲကိုင်ထားဖို့ လို၏။ သို့ရာတွင် ဤအခြေခံ အုတ်မြစ်မျှဖြင့် တင်းတိမ်ရောင့်ရဲ၍ မနေသင့်ချေ။ ယင်းတို့ကို အမွှမ်း အပြောက်တို့ဖြင့် အထွတ်တင်ကာ တန်ဆာဆင်ဖို့ လို၏။ ဤအတွက် ဤဗုဒ္ဓဓမ္မ ခြောက်စောင်တွဲသည် ထူးကဲ မွန်မြတ်သော ဓမ္မသာရ ဖြစ်၏။ အကယ်၍ ဤခြောက်စောင်ကို ကောင်းစွာ လေ့လာပါလျှင် အဆိုပါ အခြေခံနှစ်သုတ်၏ သစ္စာနှင့် အနတ္တမှာ ထွန်းလင်းတောက်ပ၍ လာလိမ့်မည်။ သို့မဟုတ်ပါက သိသလိုလိုနှင့် လုံးလည်လိုက်နေမည်။ စင်စစ် ဤခြောက်သုတ်သည် ဗုဒ္ဓဓမ္မ အနှစ်သာရကို ဒဿန အနေဖြင့် တန်ဆာဆင်ခြင်း ဖြစ်၏။

မိမိသည် ယခုနှစ် နယုန်လပြည့်နေ့က မဟာသမယသုတ်ကို ပြန်လည်လေ့လာရာမှ ကံအားလျော်စွာ ဆရာတော် ဦးဗုဓ်၏ မဟာသမယသုတ် အမွှမ်းကို ဖတ်ရှုရာမှ ဤခြောက်သုတ်ကို တွေ့မြင်ရခြင်းဖြစ်၏။

နတ် ဗြဟ္မာတို့သည် သူတို့၏ အနည်နာမကို ပြောပြသောအခါ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိ၊ ယထာဘူတဉာဏ်၊ နိဗ္ဗိဒါ၊ ဝိရာဂ၊ ဝိမုတ္တိဉာဏ် အမြင်သန့်၍ သစ္စာဉာဏ်ကို ရသွားကြ၏။ ထို့အတူ ဤခြောက်သုတ်ကို ကောင်းစွာ လေ့လာပါလျှင် အမှန်ပင် သစ္စာဉာဏ်ကို ရနိုင်၏။ ဗုဒ္ဓဓမ္မ၏ အနှစ်သာရကို အဘိဓမ္မာ ဒဿန

သဘောဖြင့် အဆင့်အတန်းမြင့်မြင့် လေ့လာရန်အတွက် အလေးနက်ဆုံး ဖြစ်၏။

အကျွန်ုပ်တို့သည် ရွှေတုကို ရွှေစစ်နှင့် မခြားဟု ပြောနိုင်၏။ စိန်တုကို စိန်စစ်နှင့် မခြားဟု တင်စားနိုင်၏။ နို့မှုန့်ကို အမိနို့နှင့် မခြားဟု ဝင့်ကြွားနိုင်၏။ သို့ရာတွင် အစစ်ကိုကား စံတင်ရန် ဥပမာ မရှိချေ။ ထို့အတူ ဤဗုဒ္ဓဓမ္မ ခြောက်စောင်တွဲကို နှိုင်းယှဉ်ရန် စကားမရှိချေ။ ဘယ်အဘိဓမ္မာ ဘယ်ဒဿနနှင့် နှိုင်းယှဉ်မည်နည်း။ မြစ်ကြီးငါးသွယ် မြစ်ငယ် ငါးရာတို့မှ ရေတို့သည် မဟာသမုဒ္ဒရာ၌ အားလုံးစုံ ပေါင်းဆုံသကဲ့သို့ အတွေးအခေါ် အဘိဓမ္မာ ဒဿနတို့၌ ဤတွင် အားလုံးစုံ ပေါင်းဆုံနေကြ၏။

မြတ်စွာဘုရားသည် ကိုယ်တော်၏ ဓမ္မတရားကို အမေးအဖြေ သဘောဖြင့် ဟောကြားလို၏။ သို့ရာတွင် လောက၌ ဤတရား အချက်အလက်နှင့် ပတ်သက်၍ မေးနိုင်မည့်သူကို မြင်တော်မမူ၍ ကိုယ်တော်တိုင် နိမ္မိတရုပ်ပွား ဖန်ဆင်းပြီး မေးလျှောက်စေကာ ဟောကြားတော်မူရသော ဗုဒ္ဓဓမ္မ ခြောက်စောင်တွဲ ဖြစ်၏။ ထို့ကြောင့် ဤတရားကို လေ့လာခွင့်ရသူသည် အဘယ်မျှ ကုသိုလ်ကံ ကောင်းပါသနည်း။ သို့ရာတွင် အကျွန်ုပ်တို့သည် ဤအမေးအဖြေတို့ကို ကောင်းစွာ ဖတ်တတ်ဖို့ လိုပါမည်။ ဤစကားကို အလွတ်ပြောသည် မဟုတ်ပါ။ အတွေ့အကြုံ အထောက်အထားပေါင်း များစွာကို မျက်မှောက်ပြုပြီး ပြောကြားခြင်းဖြစ်၏။ အကြောင်းကား စာကောင်းပေမွန်တို့ကို ကောင်းစွာ ဖတ်တတ်စေလို၍ဖြစ်၏။ ယခုဖော်ပြမည့် ဤသုတ်တို့မှာ ဆဋ္ဌသင်္ဂါယနာတင် အရှင်တို့ သင်္ဂါယနာ တင်ထားသော မြန်မာပြန်တို့ဖြစ်ရာ အခြား စာသိမ်စာငယ်တို့လို လွယ်လှမည် မဟုတ်ချေ။ ထို့ကြောင့် ကောင်းစွာ

ဖတ်တတ်ရန် လိုခြင်းဖြစ်၏။ အကယ်၍ ခက်ခဲနေပါလျှင် အထပ်ထပ် အခါခါ ပြန်၍ ဖတ်သင့်၏။ ထိုအခါ ဘယ်အရသာနှင့်မျှ မတူသော ဓမ္မသာရကို ခံစားရမည်ဖြစ်၏။

ကမ္ဘာ့အတွေးအခေါ် ပညာရှင်တို့သည် "ဗုဒ္ဓဓမ္မကို လေ့လာရသည်မှာ လူ့ဘဝ၏ အမြတ်ရလဒ်" ဟု ယူဆကြ၏။ ထို့အတူ ယူဆနိုင်အောင် ကြိုးစားပြီး ဖတ်ရှုလေ့လာသင့်၏။ အကျွန်ုပ်တို့သည် အများအားဖြင့် ဓမ္မတရားနှင့် စပ်လျဉ်းလျှင် ပါဠိ၊ သက္ကတ၊ ဟိန္ဒီ၊ အင်္ဂလိပ် အစရှိသော ဘာသာတို့ဖြင့် ဖွင့်ဆိုချက်ကိုမှ လေးနက်သည်ဟု ယူဆတတ်ကြ၏။ ဤအယူအဆသည် ဝါကြွားရန်အတွက် အထောက်အကူ ဖြစ်ကောင်း ဖြစ်နိုင်မည်။ သို့ရာတွင် အမှန်တရားကို သိမြင်ရန်အတွက်ကား နှေးကွေးနိုင်၏။ ထို့ကြောင့် မြန်မာ စာဖတ်ပရိသတ်သည် မြန်မာပြန်ကိုသာ အမွန်အမြတ်ထား၍ ဖတ်ရှုလေ့လာသင့်၏။ သို့ဖြင့် မြန်မာစာပေ၏ ပြည့်စုံကြွယ်ဝခြင်း လေးနက်ခြင်းတို့ကိုလည်း တဖြည်းဖြည်း တွေ့မြင်လာလိမ့်မည်။ မကြာမီ လွတ်မြောက်သူတစ်ယောက် အနေသို့ရောက်ကာ အမှန်တရားဖြင့် ပုံမှန် ဖြစ်သွားပါလိမ့်မည်။

# သမ္မာပရိဗ္ဗာဇနီယသုတ်

**(ရာဂစရိုက် ရှိသူများအတွက်)**

(၁) အကျွန်ုပ်သည် ကြီးကျယ် ပြန့်ပြောသော ပညာရှိသော သြဃလေးပါးကို ကူးမြောက်ပြီးသော နိဗ္ဗာန် ဟူသော တစ်ဖက်ကမ်းသို့ ရောက်ပြီးသော ကိလေသာ ငြိမ်းအေးပြီးသော မတုန်မလှုပ် အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်၍ ရဟန်းဘောင်သို့ ကပ်ရောက်သော ရဟန်းသည် အဘယ်သို့ လောကဖြင့် မလိမ်းကျံဘဲ ကောင်းစွာ နေနိုင်ပါမည်နည်း။

(မြတ်စွာဘုရားသည် ဤသို့ ဖြေတော်မူ၏)–

(၂) အကြင် ရဟန်းသည် (ဒိဋ္ဌ သုတ စသော) မင်္ဂလာတို့ကို လည်းကောင်း၊ ဥပ္ပါတကျမ်း အိပ်မက်ကျမ်း လက္ခဏာကျမ်းတို့၌ ယုံကြည်ခြင်းတို့ကို လည်းကောင်း အကြွင်းမဲ့ နုတ်အပ်ပြီး ထိုရဟန်းသည် (ဒိဋ္ဌ သုတ စသော) မင်္ဂလာအပြစ်ကို ပယ်နုတ်ပြီး၍ လောကဖြင့် မလိမ်းကျံဘဲ ကောင်းစွာ နေနိုင်၏။

(၃) အကြင် ရဟန်းသည် လူ၌ဖြစ်သော ကာမဂုဏ်တို့၌ လည်းကောင်း၊ နတ်၌ဖြစ်သော ကာမဂုဏ်တို့၌ လည်းကောင်း တပ်စွန်းမှုရာဂကို ပယ်ဖျောက်ရာ၏။ ထိုရဟန်း

သည် သစ္စာတရားကို ဉာဏ်ဖြင့် သက်ဝင်လျက် ဘဝသုံးပါးကို လွန်မြောက်၍ လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

(၄) အကြင် ရဟန်းသည် ကုန်းတိုက်ခြင်းတို့ကို ကျော်ခိုင်း၍ အမျက်ထွက်ခြင်း၊ ဝန်တိုခြင်းကို ပယ်စွန့်ရာ၏။ ထိုရဟန်းသည် နှစ်သက်ဖွယ်အာရုံ မနှစ်သက်ဖွယ် အာရုံတို့၌ ရာဂ ဒေါသကို ပယ်စွန့်ပြီး၍ လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

(၅) အကြင် ရဟန်းသည် ချစ်အပ်သော ဝတ္ထုကို လည်းကောင်း၊ မချစ်အပ်သော ဝတ္ထုကို လည်းကောင်း ပယ်စွန့်၍ တစ်စုံတစ်ခုသော အာရုံ၌ မစွဲလမ်း မမှီမူ၍ သံယောဇဉ်၏ အာရုံတရားတို့မှ လွတ်မြောက်၏။ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

(၆) ထိုရဟန်းသည် စွဲလမ်း၍ ယူအပ်သော ခန္ဓာတို့၌ ဆန္ဒရာဂကို ပယ်ဖျောက်၍ ခန္ဓာဟူသော ဥပဓိတို့၌ အနှစ်သာရဟု ယူဆခြင်းသို့ မရောက်။ ထိုရဟန်းသည် (တဏှာဒိဋ္ဌိ) ကို မမှီဘဲ သူတစ်ပါးတို့ မဆွဲဆောင်နိုင်သည်ဖြစ်၍ လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

(၇) အကြင် ရဟန်းသည် နှုတ်ဖြင့် လည်းကောင်း၊ စိတ်ဖြင့် လည်းကောင်း၊ ကိုယ်ဖြင့် လည်းကောင်း သုစရိုက်တရားတို့နှင့် မဆန့်ကျင်မူ၍ သစ္စာလေးပါးတရားကို ကောင်းစွာ သိပြီးလျှင် ခန္ဓပရိနိဗ္ဗာန်ကို လိုလား တောင့်တနေသူ ဖြစ်၍ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

(၈) အကြင် ရဟန်းသည် ငါ့ကို ရှိခိုး၏ဟူ၍လည်း စိတ်မတက်ကြွရာ။ ဆဲဆိုသော်လည်း ရန်ငြိုးမဖွဲ့ရာ။ သူတစ်ပါးတို့ ပေးလှူအပ်သော ဘောဇဉ်ကို ရ၍လည်း မာန်မယစ်ရာ။ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

(၉) အကြင် ရဟန်းသည် ဝိသမလောဘကို လည်းကောင်း၊ ဘဝသုံးပါးကို လည်းကောင်း ပယ်စွန့်၍ သတ်ဖြတ်ခြင်း နှောင်ဖွဲ့ခြင်းမှလည်း ရှောင်ကြဉ်၏။ ထိုရဟန်းသည် ယုံမှားခြင်းကို ကူးမြောက်ပြီးသူ ရာဂစသော မြားငြောင့် ကင်းပြီးသူဖြစ်၍ လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

(၁၀) အကြင် ရဟန်းသည် မိမိအား လျောက်ပတ်သော အကျင့်ကို သိ၍ လည်းကောင်း၊ သစ္စာလေးပါးတရားကို ဟုတ်တိုင်းမှန်စွာ သိ၍ လည်းကောင်း လောက၌ တစ်စုံတစ်ယောက်ကိုမျှ မညှဉ်းဆဲ။ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

(၁၁) အကြင် ရဟန်းအား အနုသယတို့သည် တစ်စုံတစ်ခုမျှ မရှိကုန်။ အကုသိုလ် အမြစ်အရင်းတို့ကိုလည်း ကောင်းစွာ ပယ်နုတ်အပ်ကုန်၏။ ထိုရဟန်းသည် တဏှာကင်းသူ တောင့်တခြင်းမရှိသူ ဖြစ်၍ လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

(၁၂) အကြင် ရဟန်းသည် အာသဝေါကုန်ပြီးသူ၊ မာန်ကို ပယ်ပြီးသူ၊ ရာဂလမ်းကြောင်း အားလုံးကို လွန်ပြီးသူ၊ ယဉ်ကျေးပြီးသူ၊ ကိလေသာမီး ငြိမ်းအေးပြီးသူ၊ မတုန်မလှုပ် တည်တံ့

သော စိတ်ရှိသူဖြစ်၏။ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

(၁၃) အကြင် ရဟန်းသည် ယုံကြည်မှု သဒ္ဓါရှိ၏။ အကြားအမြင်များ၏။ မြဲသော အရိယာမဂ်ကို မြင်ပြီး ဖြစ်၏။ (ဖြ— ပါးသော ဒိဋ္ဌိတို့ဖြင့်) အစုစု ကွဲသော သတ္တဝါတို့၌ (မိစ္ဆာအယူဖြင့်) အစု တစ်ခုခုသို့ လာရောက်ခြင်းမရှိ တည်ကြည်၏။ ထိုရဟန်းသည် လောဘကို လည်းကောင်း၊ ဒေါသကို လည်းကောင်း၊ ထိပါးပုတ်ခတ်ခြင်းကို လည်းကောင်း ပယ်ဖျောက်၍ လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

(၁၄) အကြင် ရဟန်းသည် ကောင်းစွာ စင်ကြယ်သော အရဟတ္တမဂ်ဖြင့် ကိလေသာကို အောင်ပြီးသူ၊ ကိလေသာ အမိုးကို ဖွင့်လှစ်ပြီးသူ၊ သစ္စာတရားတို့၌ လေ့လာပြီးသူ၊ နိဗ္ဗာန်ဟူသော ကမ်းတစ်ဖက်သို့ ရောက်ပြီးသူ၊ တဏှာဟူသော တုန်လှုပ်ခြင်း မရှိသူ၊ သင်္ခါရ၏ ချုပ်ရာနိဗ္ဗာန်ကို အာရုံပြုသော မဂ်ဉာဏ်၌ လိမ္မာသူဖြစ်၏။ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

(၁၅) အကြင် ရဟန်းသည် လွန်ပြီးသော ခန္ဓာတို့၌ လည်းကောင်း၊ လာလတ္တံ့သော ခန္ဓာတို့၌ လည်းကောင်း ငါ ငါ့ဥစ္စာဟု ကြံစည်မှု တဏှာ ဒိဋ္ဌိကို လွန်၏။ အလွန်စင်ကြယ်သော ပညာရှိ၏။ အာယတန အားလုံးတို့မှ ကင်းလွတ်၏။ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

(၁၆) အကြင် ရဟန်းသည် တစ်ခုတစ်ခုသော သစ္စာကို ဝိပဿနာ

ပညာဖြင့် သိ၍ သစ္စာလေးပါးတရားကို မဂ်ဉာဏ်ဖြင့် (တစ်ပြိုင်နက်) သက်ဝင်ပြီးလျှင် အာသဝေါ တရားတို့၏ ကုန်ရာ နိဗ္ဗာန်ကို အပိတ်အပင်မရှိ သိမြင်ရကား အလုံးစုံသော ဥပဓိတို့၏ ကုန်ခြင်းသို့ ရောက်၏။ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

(၁၇) မြတ်စွာဘုရား ဤစကားသည် စင်စစ် ဟောတိုင်း မှန်ပါ၏။ အကြင် ရဟန်းသည် ဤသို့ ဟောတော်မူသည့်အတိုင်း နေလေ့ရှိ၏။ ထိုရဟန်းသည် ယဥ်ကျေးသူ၊ သံယောဇဉ်နှင့် ယောဂ အားလုံးတို့ကို လွန်မြောက်သူ ဖြစ်၍ လောကနှင့် မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏ဟု (မိန့်တော်မူ၏)။

(သုတ္တနိပါတ်ပါဠိတော် မြန်မာပြန်)

## ကလဟဝိဂါဒသုတ်

### (ဒေါသစရိုက် ရှိသူများအတွက်)

(၁) ခိုက်ရန်ဖြစ်မှုနှင့် ငြင်းခုံမှုတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်လာကုန်သနည်း။ ဝန်တိုမှုနှင့်တကွ ဖြစ်ကုန်သော ငိုကြွေးမှု စိုးရိမ်မှုတို့သည် လည်းကောင်း၊ ချောပစ် ကုန်းတိုက်မှုနှင့်တကွ ဖြစ်ကုန်သော ထောင်လွှားမှု အလွန်ထောင်လွှားမှုတို့သည် လည်းကောင်း ထိုတရားတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်လာကုန်သနည်း။ တောင်းပန်ပါ၏။ အကြောင်းကို ဟောတော်မူပါလော့။

(၂) ခိုက်ရန်ဖြစ်မှု ငြင်းခုံမှုတို့သည် ချစ်အပ်သော သတ္တဝါ သခ်ါရကြောင့် ဖြစ်ပေါ်လာကုန်၏။ ဝန်တိုမှုနှင့်တကွ ဖြစ်ကုန်သော ငိုကြွေးမှု စိုးရိမ်မှုတို့သည် လည်းကောင်း၊ ချောပစ် ကုန်းတိုက်မှုနှင့်တကွ ဖြစ်ကုန်သော ထောင်လွှားမှု အလွန်ထောင်လွှားမှုတို့သည် လည်းကောင်း ချစ်အပ်သော သတ္တဝါ သခ်ါရကြောင့် ဖြစ်ပေါ်လာကုန်၏။ ခိုက်ရန်ဖြစ်မှု ငြင်းခုံမှုတို့သည် ဝန်တိုမှုနှင့် စပ်ယှဉ်ကုန်၏။ ငြင်းခုံမှုတို့ ဖြစ်ကုန်သည်ရှိသော် ချောပစ်ကုန်းတိုက်မှုတို့ ဖြစ်တတ်ကုန်၏။

(၃) လောကဥ္စ ချစ်အပ်သော ဝတ္ထုတို့သည် အဘယ်လျှင် အကြောင်း ရှိပါကုန်သနည်း။ အကြင် သူတို့သည်လည်း လိုချင်မှု လောဘရှိကုန်သည်ဖြစ်၍ လောကဥ္စ သွားလာ နေထိုင်ကုန်၏။ (ထိုသူတို့၏) လိုချင်မှု လောဘသည် လည်း အဘယ်လျှင် အကြောင်းရှိပါသနည်း။ အကြင် တောင့်တမှု ပြည့်စုံမှုတို့သည် လူပုဂ္ဂိုလ်အား အားထား မှီခိုရန် ဖြစ်ကုန်၏။ ထိုတောင့်တမှု ပြည့်စုံမှုတို့သည် အဘယ်လျှင် အကြောင်းရှိပါကုန်သနည်း။

(၄) လောကဥ္စ ချစ်အပ်သော ဝတ္ထုတို့သည် ကာမစ္ဆန္ဒလျှင် အကြောင်းရှိကုန်၏။ အကြင် သူတို့သည် လိုချင်မှု လောဘ ရှိကုန်သည်ဖြစ်၍ လောကဥ္စ သွားလာနေထိုင်ကြကုန်၏။ ထိုသူတို့၏ ထိုလောဘသည်လည်း ကာမစ္ဆန္ဒလျှင် အကြောင်းရှိ၏။ အကြင် တောင့်တမှု ပြည့်စုံမှုတို့သည် လူပုဂ္ဂိုလ်အား အားထားမှီခိုရန် ဖြစ်ကုန်၏။ ထိုတောင့်တ မှု ပြည့်စုံမှုတို့သည်လည်း ဤ (ကာမစ္ဆန္ဒ) လျှင် အကြောင်း ရှိကုန်၏။

(၅) လောကဥ္စ ကာမစ္ဆန္ဒသည် အဘယ်လျှင် အကြောင်းရှိ သနည်း။ (တဏှာ ဒိဋ္ဌိဖြင့်) ဆုံးဖြတ်ခြင်းတို့သည်လည်း အဘယ်ကြောင့် ဖြစ်ကုန်သနည်း။ အမျက်ထွက်မှု၊ မုသား စကားပြောဆိုမှု သို့လော သို့လောဟု တွေးတောယုံမှား မှု ဟူသော အကြင် တရားတို့ကိုလည်း မြတ်စွာဘုရား ဟောအပ်ပါကုန်၏။ ထိုတရားတို့သည် အဘယ်ကြောင့် ဖြစ်ကုန်သနည်း။

(၆) လောကဣ္ဖ အကြင် သဘောတရားကို သာယာဖွယ် သဘောတရား၊ မသာယာဖွယ် သဘောတရားဟူ၍ ဆိုကုန်၏။ ထိုသာယာဖွယ် သဘောတရားကို အမှီပြု၍ ကာမစ္ဆန္ဒဖြစ်၏။ လောကဣ္ဖ သတ္တဝါသည် ရုပ်တရားတို့၌ ပျက်ခြင်းကိုလည်းကောင်း၊ ဖြစ်ခြင်းကို လည်းကောင်း မြင်၍ (တဏှာဒိဋ္ဌိဖြင့်) ဆုံးဖြတ်ခြင်းကို ပြု၏။

(၇) အမျက်ထွက်မှု၊ မုသားစကားပြောဆိုမှု သို့လော သို့လော တွေးတောယုံမှားမှု ဟူသော ဤသဘောတရားတို့သည်လည်း သာယာဖွယ် တရားနှစ်ပါးရှိသော်သာလျှင် ဖြစ်ကုန်၏။ မြတ်စွာဘုရားသည် သိတော်မူ၍ တရားတို့ကို ဟောတော်မူရကား။ သို့လော သို့လော တွေးတောယုံမှားမှု ရှိသူသည် ဉာဏ်အမြင်ကို ရစိမ့်သောငှာ သိက္ခာသုံးပါးတို့ကို ကျင့်ရာ၏။

(၈) သာယာမှုနှင့် မသာယာမှုသည် အဘယ်လျှင် အကြောင်းရင်း ရှိပါကုန်သနည်း။ အဘယ်တရား မရှိလတ်သော် ဤသာယာမှု သာယာမှုတို့သည် မဖြစ်ကုန်သနည်း။ အကြင်အကြောင်းကြောင့် ပျက်ခြင်း၊ ဖြစ်ခြင်း ဟူသော အကြင်သဘောတရားတို့သည် ဖြစ်၏။ ထိုအကြောင်းကြောင့် ဖြစ်သော ထိုသဘောတရားကို အကျဉ်းချုပ်အား ဟောကြားတော်မူပါလော့။

(၉) သာယာမှုနှင့် မသာယာမှုသည် တွေ့ထိမှု ဖဿလျှင် အကြောင်းရင်းရှိ၏။ တွေ့ထိမှု ဖဿ မရှိလတ်သော် ဤတရားတို့ မဖြစ်ကုန်။ ပျက်ခြင်း၊ ဖြစ်ခြင်း ဟူသော အကြင်

သဘောတရားသည် ရှိ၏။ ထိုသဘောတရားကို တွေ့ထိမှု ဖဿလျှင် အကြောင်းရှိ၏ဟူ၍ သင့်အား ငါပြောာ၏။

(၁၀) လောကဌ် တွေ့ထိမှု ဖဿသည် အာယလျှင် အကြောင်းရှိသနည်း။ သိမ်းဆည်းမှုတို့သည်လည်း အာယကြောင့်ဖြစ်ကုန်သနည်း။ အာယ တရား မရှိလတ်သော် ငါ့ဟာဟု စွဲလမ်းမှု မရှိပါသနည်း။ အာယတရားကို လွန်မြောက်သည်ရှိသော် တွေ့ထိမှု ဖဿတို့သည် မတွေ့ထိနိုင်ပါကုန်သနည်း။

(၁၁) နာမ်ကို လည်းကောင်း၊ ရုပ်ကို လည်းကောင်း စွဲ၍ တွေ့ထိမှု ဖဿသည် ဖြစ်၏။ သိမ်းဆည်းမှုတို့သည် တဏှာဟု ဆိုအပ်သော အလိုဏ္ဍာလျှင် အကြောင်းရှိကုန်၏။ တဏှာဟု ဆိုအပ်သော အလိုဏ္ဍာ မရှိလတ်သော် ငါ့ဟာဟု စွဲလမ်းမှုမရှိ။ ရုပ်တရားကို လွန်မြောက်သည်ရှိသော် တွေ့ထိမှု ဖဿတို့သည် မတွေ့ထိကုန်။

(၁၂) အာယသို့ ကျင့်သောသူသည် ရုပ်ကို လွန်မြောက်နိုင်သနည်း။ အာယသို့သော အကြောင်းဖြင့် ချမ်းသာဆင်းရဲကို လွန်မြောက်နိုင်သနည်း။ အကြင် အခြင်းအရာအားဖြင့် လွန်မြောက်နိုင်၏။ ထိုအခြင်းအရာကို အကျွန်ုပ်အားဟောကြားတော်မူပါလော့။ ထိုအကြောင်းကို သိကုန်အံ့ဟု အကျွန်ုပ်၏ စိတ်ဖြစ်ပါ၏။

(၁၃) ပကတိ သညာရှိသောသူလည်း မဟုတ်သော ဖောက်ပြန်သော သညာရှိသည့် ရူးသွပ်သူလည်း မဟုတ်သော ရူပသညာကို လွန်မြောက်ပြီးသည့် အရူပ ဈာန်သမာပတ်ကို

ရသူလည်း မဟုတ်သော ဤသို့ သဘောရှိသည့် အာကာသာနဉ္စာယတနစျာန်ကို ရရန် ကျင့်သူ ရူပစတုတ္ထစျာန လာဘီ ပုဂ္ဂိုလ်သည် ရုပ်ကို လွန်မြောက်နိုင်၏။ သံသရာ ချဲ့တတ်သော တဏှာ၊ မာန၊ ဒိဋ္ဌိတရားတို့သည် သညာ လျှင် အကြောင်းရှိကုန်သည်သာတည်း။

(၁၄) အကြင် ပုစ္ဆာကို အကျွန်ုပ်တို့ မေးခဲ့ပါကုန်၏။ အရှင်သည် ထိုပုစ္ဆာကို အကျွန်ုပ်တို့အား ဖြေကြားတော်မူခဲ့ပြီ။ အရှင် ဘုရားအား အခြားသော ပုစ္ဆာကို မေးပါကုန်အံ့။ တောင်းပန် ပါ၏။ ထိုပုစ္ဆာကို ဖြေကြားတော်မူပါလော့။ ဤလောက ၌ ပညာရှိကုန်သော အချို့သောသူတို့သည် ဤမျှ (အရူပ သမာပတ် ဟူသော) အတိုင်းအရှည်ဖြင့် သတ္တဝါ၏ မြတ် သော စင်ကြယ်မှုကို ဆိုပါကုန်သလော။ ထိုသို့မဟုတ် ဤအရူပသမာပတ်ထက် လွန်သော စင်ကြယ်မှုကိုလည်း ဆိုပါကုန်သေးသလော။

(၁၅) ဤလောက၌ ပညာရှိကုန်သော အချို့သောသူတို့သည် ဤမျှ (အရူပသမာပတ် ဟူသော) အတိုင်းအရှည်ဖြင့် သတ္တဝါ၏ မြတ်သော စင်ကြယ်မှုကို ဆိုကုန်၏။ ထိုသူ တို့တွင် အနုပါဒိသေသ၌ လိမ္မာကျွမ်းကျင်သည်ဟု ပြော ဆိုကြသော အချို့သူတို့သည် ဥစ္ဆေဒအယူကို ပြောဆိုကြ ကုန်၏။

(၁၆) ပညာရှိသော ထိုမြတ်စွာဘုရားသည် ထိုမိစ္ဆာအယူ ရှိသူ တို့ကို (သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ) မှီကုန်၏ဟု သိ၍ လည်း ကောင်း၊ (ထိုသူတို့၏) မှီရာ သဿတဒိဋ္ဌိတို့ကို သိ၍

လည်းကောင်း (တရားတို့ကို အနိစ္စ စသည်ဖြင့်) သိ၍ လည်းကောင်း လွတ်မြောက်တော်မူပြီးသည် ဖြစ်၍ ငြင်းခုံခြင်းသို့ ရောက်တော်မမူ။ ထိုပညာရှိသော မြတ်စွာဘုရားသည် အဖန်တလဲလဲ ဖြစ်ခြင်းသို့ ရောက်တော်မမူ။

(သုတ္တနိပါတ်ပါဠိတော် မြန်မာပြန်)

# မဟာဗျူဟာသုတ်

## (မောဟစရိုက် ရှိသူများအတွက်)

(၁) (အမေး) မိစ္ဆာအယူ၌ စွဲမြဲ တည်နေကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ဤငါ့အယူသာလျှင် မှန်၏ဟူ၍ ပြောဆိုကြကုန်၏။ ထိုသူအားလုံးတို့သည် ထိုအယူ၌ အကဲ့ရဲ့ကိုသာ ခံကြရပါကုန်သလော။ သို့မဟုတ် ချီးမွမ်းခြင်းကိုလည်း ရပါကုန်သေးသလော။

(၂) (အဖြေ) ဤ ချီးမွမ်းခံရခြင်းသည် အနည်းငယ်မျှသာတည်း။ (ရာဂ စသည်တို့) ငြိမ်းအေးရန် မစွမ်းနိုင်။ ငြင်းခုံခြင်း၏ အကျိုးတို့ကို နိုင်ခြင်း ရှုံးခြင်း စသော ကောင်းမကောင်းအားဖြင့် နှစ်ပါးတို့ဟူ၍ ငါဆို၏။ ဤသို့ ငြင်းခုံခြင်း၏ အပြစ်ကိုလည်း မြင်၍ ငြင်းခုံမှုမရှိရာ နိဗ္ဗာန်ကို ဘေးမရှိ၍ဟု ရှုလျက် ငြင်းခုံမှုကို မပြုရာ။

(၃) မိစ္ဆာအယူ အားလုံးတို့ကို ပုထုဇဉ်တို့ ဖြစ်စေအပ်ကုန်၏။ ပညာရှိသည် ဤမိစ္ဆာအယူ အားလုံးတို့သို့ မကပ်ရောက်။ မြင်ရသောအရာ ကြားရသောအရာ၌ နှစ်သက်လိုလားမှုကို မပြုသော ကပ်ရောက်တတ်သည့် တဏှာ ဒိဋ္ဌိ မရှိသော ထိုပညာရှိသည် အဘယ်မည်သော ကပ်ရောက်ဖွယ် ရုပ် ဝေဒနာ စသည်သို့ ကပ်ရောက်တော့မည်နည်း။

(၄) စောင့်ထိန်းမှုသီလသာ မြတ်၏ဟု အယူရှိသူတို့သည် သီလစောင့်ရုံမျှဖြင့် စင်ကြယ်၏ဟူ၍ ဆိုကုန်၏။ နွား ခွေး စသည်တို့၏ အကျင့် 'ဝတ' ကို ကောင်းစွာယူ၍ တည်ကုန်၏။ ဤ မိမိအယူ၌သာလျှင် ကျွမ်းကျင်လိမ္မာ၏ဟု ပြောဆိုသူတို့သည် ဘဝ၌ မကျေမော နစ်မြုပ်ကုန်လျက် ထိုဆရာ၏ စင်ကြယ်သော အကျင့်ကို ကျင့်ကုန်အံ့ဟု ပြောဆိုကြကုန်၏။

(၅) ထိုသူသည် စောင့်ထိန်းမှု 'သီလ' ဆောက်တည်မှု 'ဝတ' မှ ရွေ့လျောခဲ့မူ သီလနှင့် ဝတ ချွတ်ယွင်း ပျက်စီးသောကြောင့် တုန်လှုပ်၏။ နေအိမ်မှ (ထွက်ခဲ့၍) အရပ်တစ်ပါးသို့ သွားသူသည် လှည်းအုပ်မှ ကျန်ရစ်ခဲ့သော် ထိုနေအိမ်နှင့် လှည်းအုပ်တစ်ခုခုကို တောင့်တဘိသကဲ့သို့ ထို့အတူ စင်ကြယ်မှုကို တမ်းတမှုလည်း တမ်းတ၏။ တောင့်တမှုလည်း တောင့်တ၏။

(၆) စောင့်ထိန်းမှု 'သီလ' ဆောက်တည်မှု 'ဝတ' အားလုံးကိုလည်းကောင်း၊ အပြစ်ရှိ–အပြစ်မရှိသော ထိုအကုသိုလ် ကုသိုလ်ကံကို လည်းကောင်း ပယ်စွန့်၍ စင်ကြယ်မှု–မစင်ကြယ်မှုကို မတောင့်တသော ရဟန်းပုဂ္ဂိုလ်သည် မိစ္ဆာအယူကို မယူမူ၍ (စင်ကြယ်မှု မစင်ကြယ်မှုမှ) ကြဉ်ရှောင်လျက် သွားလာနေထိုင်နိုင်ရာ၏။

(၇) သံသရာမှ စင်ကြယ်၏ဟု (ဥဒ္ဓံသရအကိရိယသဿတ) အယူ ရှိသူတို့သည် စက်ဆုပ်အပ်သော 'တပေါဇိဂုစ္ဆာ' အကျင့်ကို လည်းကောင်း၊ ထို့ပြင် မြင်ရသော ရူပါရုံ၊

ကြားရသော သဒ္ဒါရုံ၊ ရှောက်ရသော ဂန္ဓရသ ဖောဋ္ဌဗ္ဗာရုံ ကို လည်းကောင်း အမှီပြု၍ ဘဝကြီးငယ်တို့၌ တပ်မက်မှု တဏှာ မကင်းကြကုန်ရကား စင်ကြယ်မှုကို ပြောဆိုကုန် ၏။

(၈) တောင့်တသူအား တမ်းတမှု တဏှာကို ဖြစ်ကုန်သည် သာတည်း။ (တဏှာဒိဋ္ဌိဖြင့်) ကြံစည်အပ်သော ဝတ္ထုတို့၌ တုန်လှုပ်မှုသည်လည်း ဖြစ်၏။ ဤလောက၌ အကြင် ရဟန္တာပုဂ္ဂိုလ်အား စုတိပဋိသန္ဓေ မရှိ။ ထိုရဟန္တာပုဂ္ဂိုလ် သည် အဘယ်ရာဂ စသည်ဖြင့်မူလည်း တုန်လှုပ်ရာအံ့ နည်း။ အဘယ်အရာမျိုး၌မူလည်း တမ်းတရာအံ့နည်း။

(၉) (အမေး) အချို့သော သူတို့သည် အကြင် အယူဝါဒ တရားကို မြတ်၏ဟူ၍ ဆိုကုန်၏။ အခြားသူတို့ကမူ ထိုအယူဝါဒတရားကိုပင်လျှင် ယုတ်၏ဟူ၍ ဆိုကုန်၏။ ဤသူ အားလုံးတို့သည်ပင်လျှင် လိမ္မာကျွမ်းကျင်၏ဟူ၍ အယူရှိကြကုန်၏။ ဤသူတို့၏ အယူဝါဒတို့တွင် အဘယ် သူ၏ အယူဝါဒသည် မှန်ပါသနည်း။

(၁၀) (အဖြေ) အချို့သော သူတို့သည် မိမိ အယူဝါဒတရား ကိုသာ ပြည့်စုံ၏ ဟူ၍ ပြောဆိုကုန်၏။ အခြားသော သူ၏ အယူဝါဒ တရားကိုမူကား ယုတ်၏ဟူ၍ ပြောဆို ကုန်၏။ ဤသို့လည်း စွဲမြဲယူဆ၍ ငြင်းခုံခြင်းကို ပြုကြ ကုန်၏။ မိမိတို့၏ ပညတ်ချက် အယူဝါဒကိုသာ မှန်၏ ဟူ၍ ပြောဆိုကြကုန်၏။

(၁၁) သူတစ်ပါး ကဲ့ရဲ့ ရှုတ်ချမှုကြောင့် ယုတ်ညံ့သူ ဖြစ်ခဲ့မူ

အယူဝါဒတရားတို့၌ တစ်စုံတစ်ရာ ထူးခြားချက် မဖြစ်ရာ။ အကြောင်းသော်ကား များစွာသော သူတို့သည် အခြားသောသူ၏ အယူဝါဒတရားကို ယုတ်ညံ့၏ဟု ပြောဆိုကြကာ မိမိ အယူဝါဒ၌မူကား မြဲစွာ ပြောဆိုတတ်သောကြောင့်တည်း။

(၁၂) (ထိုတိတ္ထိတို့သည်) မိမိတို့၏ အယူဝါဒ လမ်းစဉ်တို့ကို ချီးမွမ်းကုန်သကဲ့သို့ ဤအတူ ထိုသူတို့၏ မိမိတို့ဆရာနှင့် ဆရာ့တရားကို ပူဇော်မှုသည်လည်း မချွတ်မယွင်းမှန်ကန်၏ဟုသော ချီးမွမ်းကြကုန်၏။ ဤသို့ဖြစ်လတ်သော်လည်း ထိုဆရာတို့၏ အယူဝါဒ စင်ကြယ်မှုသည် တသီးတခြား (တစ်မျိုးစီသော) ဖြစ်၏။

(၁၃) ရဟန္တာ ပုဂ္ဂိုလ်အား သူတစ်ပါးတို့ သိစေအပ်သော အရာမျိုးမရှိ။ (၆၂ ပါးသော) အယူဝါဒ တရားတို့၌ ဆုံးဖြတ်၍ စွဲယူမှုလည်း မရှိ။ ထို့ကြောင့် ရဟန္တာ ပုဂ္ဂိုလ်သည် သတိပဋ္ဌာန် စသည်မှ တစ်ပါးသော မိစ္ဆာဝါဒတရားကို အမြတ်ထား၍ မရှုသောကြောင့် ငြင်းခုံမှုကို လွန်မြောက်တော့၏။

(၁၄) (ပရစိတ္တဝိဇာနနဉာဏ် စသည်ဖြင့်) ငါသိ၏။ ငါမြင်၏။ ထို ငါသိမြင်သော တရားသည် မချွတ်မယွင်း မှန်သည်သာလျှင်တည်း (ဟု) အချို့သော သမဏ ဗြာဟ္မဏတို့သည် မိစ္ဆာအယူဖြင့် စင်ကြယ်မှုကို ယုံကြည်ကြကုန်၏။ (ထိုသူတို့တွင် တစ်ယောက်ယောက်သည် ပရစိတ္တဝိဇာနနဉာဏ် စသည်ဖြင့်) အကယ်၍ သိမြင်စေကာမူ (သစ္စာလေးပါးတို့ သိမှုကိစ္စ မပြီးသောကြောင့်) ထိုသူ၏ ထို

သိမြင်ခြင်းဖြင့် အဘယ်သို့ ပြုအံ့နည်း။ (ထိုတိတ္ထိတို့သည်) သတိပဋ္ဌာန် စသည်တို့ကို ကျော်လွန်၍ အခြားသော မိစ္ဆာ တရားဖြင့် စင်ကြယ်၏ဟူ၍ ပြောဆိုကြကုန်၏။

(၁၅) (ပရစိတ္တဝိဇာနနဉာဏ် စသည်ဖြင့်) ရှုမြင်သော သူသည် နာမ်ရုပ်ကို (နိစ္စသုခ အတ္တအားဖြင့်) ရှုမြင်၏။ ရှုမြင်ပြီး၍မူလည်း ထိုနာမ်ရုပ်တို့ကိုသာလျှင် (နိစ္စ သုခ အတ္တ အားဖြင့်) သိလတ္တံ့။ များစွာ ရှုမြင်သည်မူလည်း ဖြစ်စေ၊ အနည်းငယ် ရှုမြင်သည်မူလည်း ဖြစ်စေ ထိုရှုမြင်ခြင်းမျိုးဖြင့် စင်ကြယ်၏ဟု ခန္ဓာ စသည်၌ လိမ္မာကုန်သော သူတို့က မပြောဆိုကြကုန်။

(၁၆) မြဲမြဲစွာ စွဲယူ၍ ဆိုလေ့ရှိသော (သဿတ စသည့်) အယူရှိသူသည် ဆုံးမလွယ်သူ မဖြစ်နိုင်။ ကြံစည်အပ်သည့် အယူကို ရှေ့သွားပြုသော်လည်း ဆုံးမလွယ်သူ မဖြစ်နိုင်။ ထိုသူသည် အကြင်အယူဝါဒကို မှီ၏။ ထို မိမိမှီရာ အယူဝါဒ၌ တင့်တယ်ကောင်းမြတ်၏ဟု ပြောဆို၏။ စင်ကြယ်၏ဟု ပြောဆိုသော ထိုသူသည် ထိုမိမိအယူဝါဒ၌ မချွတ်မယွင်း မှန်ကန်၏ဟု ရှုမြင်၏။

(၁၇) ရဟန္တာ ပုဂ္ဂိုလ်သည် ပညာဖြင့်သိ၍ (တဏှာ ဒိဋ္ဌိ ဟူသော) ကြံစည်ခြင်းသို့ မကပ်ရောက်။ မိစ္ဆာအယူတို့ကို အနုစ်သာရအားဖြင့် မယုံကြည်။ အဘိညာဉ်၊ သမာပတ္တိ ဉာဏ်ဖြင့် (တဏှာ ဒိဋ္ဌိ) အနှောင်အဖွဲ့ကိုလည်း မဖြစ်စေ။ ထိုရဟန္တာပုဂ္ဂိုလ်သည် ပုထုဇဉ်တို့ ဖြစ်စေအပ်ကုန်သော မိစ္ဆာအယူဝါဒတို့ကို သိပြီး၍သာလျှင် လျစ်လျူရှု၏။

တစ်ပါးသော ပုထုဇဉ်တို့သည်ကား ထိုမိစ္ဆာ အယူဝါဒ တို့ကို တဏှာ ဒိဋ္ဌိအားဖြင့် စွဲယူကုန်၏။

(၁၈) ဤလောက၌ ရဟန္တာ ပုဂ္ဂိုလ်သည် အထုံး၊ အဖွဲ့၊ 'ဂန္ထ' တရားလေးပါးတို့ကို ဖြေချပြီး၍ ဖြစ်ပေါ်လာသော ငြင်းခုံမှု တို့၌ ဆန္ဒ စသည်တို့၏ အစွမ်းဖြင့် အဂတိအုပ်စုသို့ မလိုက်။ မငြိမ်းအေးမှု တရားတို့၌ လျစ်လျူရှုသော ထို ရဟန္တာ ပုဂ္ဂိုလ်သည် ရာဂ စသည် ငြိမ်းအေးပြီး ဖြစ်ရကား (တဏှာ ဒိဋ္ဌိ အစွမ်းအားဖြင့်) မစွဲယူ။ အခြားသော ပုထု ဇဉ်တို့သည်ကား (တဏှာ ဒိဋ္ဌိ အစွမ်းအားဖြင့်) စွဲယူကုန် ၏။

(၁၉) ပညာရှိသော ထိုရဟန္တာ ပုဂ္ဂိုလ်သည် ရှေးအတိတ် ဖြစ် သော ခန္ဓာငါးပါးတို့ကို (အာရုံပြု၍ ဖြစ်သော) ကိလေ သာတို့ကို ပယ်စွန့်၍ အသစ်ပစ္စုပ္ပန် ဖြစ်သော ခန္ဓာငါးပါး တို့ကို (အာရုံပြု၍ ဖြစ်သော လိုလားမှု စသည်ကို) မပြု မူ၍ ဆန္ဒာဂတိ စသည်တို့ မလိုက်။ မြဲမြံစွာ စွဲယူ၍လည်း ဆိုလေ့မရှိ။ (၆၂ ပါးသော) မိစ္ဆာအယူတို့မှ လွတ်မြောက် ၏။ လောက၌ (တဏှာ ဒိဋ္ဌိတို့ဖြင့်) မလိမ်းကျံ မကပ်ငြိ။ (ဒုစရိုက်ကို ပြုမိလေခြင်း၊ သုစရိုက်ကို မပြုမိလေခြင်း) ဟု မိမိကိုယ်ကို မကဲ့ရဲ့တတ်။

(၂၀) ထိုရဟန္တာ ပုဂ္ဂိုလ်သည် မြင်သမျှသော ရူပါရုံကို လည်း ကောင်း၊ ကြားသမျှသော သဒ္ဒါရုံကို လည်းကောင်း၊ ရောက် သမျှသော ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗာရုံကို လည်းကောင်း။ ထို တရား အားလုံးတို့၌ ကိလေသာ စသော မာရ်စစ်သည်

ကို လွှမ်းမိုးဖျက်ဆီးနိုင်၏။ ခန္ဓာဝန်ကို ချပြီး ဖြစ်၏။ ကိလေသာတို့မှ လွတ်မြောက်ပြီးဖြစ်၏။ တဏှာ ဒိဋ္ဌိဟူသော ကြံစည်မှုတို့ကို မပြု။ ပုထုဇဉ်သေက္ခတို့ကဲ့သို့ ရှောင်ကြဉ်ဆဲ မဟုတ်တော့ပေ။ တောင့်တမှု တဏှာလည်း မရှိတော့ပေ။

(သုတ္တနိပါတ်ပါဠိတော် မြန်မာပြန်)

## စူဠဗျူဟသုတ်

**(ဝိတက်စရိုက် ရှိသူများအတွက်)**

(၁-၂) (အမေး) လိမ္မာကျွမ်းကျင်၏ဟု ပြောဆိုသူတို့သည် မိမိ မိမိတို့၏ မိစ္ဆာအယူ၌ တည်နေကုန်လျက် (မိမိ မိမိ တို့၏ အယူကို) မြဲမြံစွာ စွဲယူကုန်၍ အသီးသီး ပြောဆိုကြပါကုန်၏။ အကြင်သူသည် ဤအယူအကျင့်ကို သိ၏။ ထိုသူသည် တရားကိုသိသူ မည်၏။ အကြင်သူသည် ဤတရားကို တားမြစ်၏။ ထိုသူသည် မလိမ္မာသူ ဖြစ်ပါ၏။ ဤသို့လည်း မြဲမြံစွာ စွဲယူကုန်၍ ငြင်းခုံကြပါကုန်၏။ ငါမှတစ်ပါး အခြားသူသည် မိုက်၏။ မလိမ္မာဟုလည်း ဆိုပါကုန်၏။ ဤသူတို့၏ ဝါဒတို့တွင် အဘယ် အယူဝါဒသည် မှန်ကန်ပါသနည်း။ ဤသူအားလုံးတို့သည်ပင် လိမ္မာ ကျွမ်းကျင်သူဟု ပြောဆိုကြကုန်၏။

(၃) (အဖြေ) သူတစ်ပါး၏ အယူကို မသိသူသည် အကယ်၍ မိုက်သူ၊ ယုတ်ညံ့သူ၊ ပညာမဲ့သူ ဖြစ်ပါမူ ဤသူအားလုံး တို့သည်ပင် မိုက်ကြ၏။ အလွန့်အလွန် ပညာမဲ့သူ ဖြစ်ကြကုန်၏။ ဤသူ အားလုံးတို့သည်ပင် မိစ္ဆာအယူ၌ တည်နေကြကုန်၏။

(၄) (ထိုသူတို့သည်) မိမိ၏ မိစ္ဆာအယူဖြင့် မဖြူစင်သူ ဖြစ်ကြကုန်လျက် အကယ်၍ စင်ကြယ်သော ပညာရှိကြသူ၊ လိမ္မာကြသူ၊ ဉာဏ်ပညာ ရှိကြသူ ဖြစ်ကြကုန်မူ ထိုသူတို့တွင် တစ်ယောက်မျှ ပညာမဲ့သူ မဖြစ်နိုင်တော့ပေ။ အကြောင်းသော်ကား ထိုသူတို့၏ အယူသည်လည်း အခြားသူတို့ အယူကဲ့သို့ပင် စွဲမြဲ ယူဆထားသောကြောင့် ဖြစ်၏။

(၅) သူနှစ်ယောက်တို့သည် အချင်းချင်း လူ့ဗာလဟု အကြင်စကားကို ပြောဆိုကုန်၏။ ထိုစကားကို မှန်၏ ဟူ၍ ငါ မဟော။ (ထိုသူတို့သည်) မိမိ မိမိ၏အယူကို အမှန်ပြုလုပ်ကြကုန်၏။ ထို့ကြောင့် အခြားသူကို မိုက်၏ ဟူ၍ ရှုကြည့်ကြကုန်၏။

(၆) (အမေး) အကြင်အယူကို မှန်ကန်၏ ချွတ်ယွင်းချက်မရှိဟု အချို့သူတို့က ပြောဆိုကြကုန်၏။ ထိုအယူကိုပင် အခြားသူတို့က အချည်းနှီး ဟူ၍ လည်းကောင်း၊ မဟုတ်မမှန် ဟူ၍ လည်းကောင်း ပြောဆိုကြပြန်၏။ ဤသို့လည်း မြဲမြံစွာ စွဲယူကြကုန်လျက် ငြင်းခုံကြကုန်၏။ အဘယ့်ကြောင့် သမဏတို့သည် တစ်မျိုးတည်းသော စကားကို မပြောဆိုကြကုန်သနည်း။

(၇) (အဖြေ) အကြင်သစ္စာ၌ သိသော ပုဂ္ဂိုလ်သည် မငြင်းခုံရာ။ ထိုသစ္စာသည် တစ်မျိုးတည်းသာတည်း။ နှစ်ခုမြောက်သော သစ္စာမည်သည် မရှိ။ ထိုသူတို့မူကား အမျိုးမျိုးသော သစ္စာတို့ကို ကိုယ်တိုင် ပြောဆိုကြကုန်၏။ ထို့ကြောင့် သမဏတို့သည် တစ်မျိုးတည်းသော စကားကို မပြောဆိုကြကုန်။

(၈) (အမေး) အမျိုးမျိုး ပြောဆိုတတ်ကုန်သော လိမ္မာ ကျွမ်းကျင်သည်ဟု ပြောဆိုကြသူတို့သည် အဘယ့်ကြောင့် သစ္စာတို့ကို အမျိုးမျိုး ပြောဆိုကြကုန်သနည်း။ ကြားနာအပ်သော သစ္စာတို့သည် များကုန်သလော၊ အမျိုးမျိုးရှိကုန်သလော၊ သို့မဟုတ် ထိုသူတို့သည် ကြံစည်မှုကို အစဉ်လိုက်ကုန်သလော။

(၉) (အဖြေ) လောကဋ္ဌ မှတ်သားမှု သညာမျှဖြင့် မြဲ၏ ဟူသော အယူတို့ကို ဖယ်ထား၍ သစ္စာတို့သည် မများကုန်။ အမျိုးမျိုး မရှိကုန်သည်သာတည်း။ (မိမိ ကြံစည်မှုကို မိစ္ဆာအယူတို့၌ ဖြစ်စေ၍ (ငါ့အယူသာ) မှန်၏။ (သင့်အယူကား) မှား၏ဟု (အမှန်–အမှား) တရားနှစ်ပါးကို ပြောဆိုကြကုန်၏။

(၁၀) မြင်ရသော ရူပါရုံ၊ ကြားရသော သဒ္ဒါရုံ၊ ရောက်ရသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံ မလွန်ကျူးမှု "သီလ"၊ နွား ခွေး စသည်တို့၏ အကျင့် "ဝတ" ဟူသော ဤသဘောတရားနှစ်ပါးကိုမှီ၍ မြတ်နိုးဖွယ် မဟုတ်သည့် စင်ကြယ်မှုကို မြင်သူသည် ဒိဋ္ဌိ အဆုံးအဖြတ်၌ တည်လျက် ရယ်သွမ်းသွေးကာ အခြားသူသည် မိုက်မဲ၏။ မလိမ္မာ ဟူ၍လည်း ပြောဆိုတတ်၏။

(၁၁) အကြင်အကြောင်းဖြင့် အခြားသူကို မိုက်မဲသူ ဟူ၍ ရှုမြင်၏။ ထိုအကြောင်းဖြင့်ပင် မိမိကိုယ်ကို လိမ္မာသူ ဟူ၍လည်း ပြောဆို၏။ မိမိကိုယ်ကိုမိမိ လိမ္မာသူဟု အယူရှိသော ထိုသူသည် အခြားသူကို မမြတ်နိုးနိုင်။ ထိုအယူကိုပင် ပြောဆို၏။

(၁၂) ထိုသူသည် **အတိသာရဒိဋ္ဌိ**[၁] ဟု ဆိုအပ်သော ခြောက်ဆယ့် နှစ်ပါးသော မိစ္ဆာအယူနှင့် ပြည့်စုံသည်ဖြစ်၍ ထောင်လွှား မှုမာနဖြင့် မာန်ယစ်ရကား ဂုဏ်အားလုံးနှင့် ပြည့်စုံသူဟု မှတ်ထင်၏။ မိမိကိုယ်ကိုမိမိ (ငါ ပညာရှိဟု) စိတ်ဖြင့် အဘိသိက်သွန်း၏။ အကြောင်းသော်ကား ထိုသူ၏ ထို အတိသာရဒိဋ္ဌိ အယူသည် ထိုအခြင်းအရာအားဖြင့် စွဲမြဲ ယူဆသောကြောင့်တည်း။

(၁၃) သူတစ်ပါး ပြောဆိုသော စကားကြောင့် အကယ်၍ ပညာ မဲ့သူ ဖြစ်ခဲ့ပါမူ ထိုပြောဆိုသော သူသည်လည်း အပြော ခံရသူနှင့်အတူပင် ပညာမဲ့သူ ဖြစ်တော့၏။ ယင်း သို့ မဟုတ် မိမိကိုယ်ကို မိမိ အသိဉာဏ်ရှိသူ ပညာရှိသူ အကယ်၍ ဖြစ်နိုင်ခဲ့မူ သမဏတို့တွင် တစ်စုံတစ်ယောက် မျှ မိုက်မဲသူ မရှိနိုင်တော့ပေ။

(၁၄) အကြင်သူတို့သည် ဤမိမိအယူမှတစ်ပါး အခြားသော အယူဝါဒတရားကို စွဲမြဲယူဆ ပြောဆိုကြကုန်၏။ စင် ကြယ်မှု လမ်းစဉ်ကို ချွတ်ယွင်းစေကြကုန်၏။ မပြည့်စုံ စေကြကုန်။ သို့ပင်ဖြစ်သော်လည်း မိမိအယူ၌ စွဲလမ်းမှု ရာဂဖြင့် အလွန်စွဲလမ်းကုန်သော ထိုသူတို့သည် များစွာ သော မိစ္ဆာအယူကို စွဲမြဲယူဆ ပြောဆိုကြကုန်၏။

(၁၅) ထိုတိတ္ထိတို့သည် ဤ (ငါ၏) အယူ၌သာလျှင် စင်ကြယ် မှုရှိ၏ဟု ပြောဆိုကြကုန်၏။ အခြားသော အယူဝါဒတို့

---

၁။ အကြောင်းကို လွန်၍ ဖြစ်သောကြောင့် (၆၂ ပါးသော) ဒိဋ္ဌိတို့ကို "အတိ သာရဒိဋ္ဌိ" ဟု ဆိုသည်။ (လွန်၍ ဖြစ်၏) ဟူသော အကြောင်းမဲ့ ကြံစည်ယူဆမှု ပင်တည်း။

၌ကား စင်ကြယ်မှုရှိ၏ဟု မပြောဆိုကြကုန်။ မိမိတို့၏ လမ်းစဉ်ဖြစ်သော ထိုအယူ၌ စွဲစွဲမြဲမြဲ ပြောဆိုကြကုန်၏။ ဤသို့လည်း တိတ္ထိတို့သည် များစွာသော အယူဝါဒတို့၌ သက်ဝင်၍ တည်ကြကုန်၏။

(၁၆) မိမိတို့၏ လမ်းစဉ်ဖြစ်သော အယူဝါဒ၌လည်း (ဤအယူသည်သာလျှင် သင့်၏ဟု) စွဲစွဲမြဲမြဲ ပြောဆိုသူသည် ဤအယူ၌ အဘယ်မည်သော သူတစ်ပါးကို မိုက်မဲသူဟူ၍ ရှုမြင်နိုင်အံ့နည်း။ အခြားသူကို မိုက်မဲသူ စင်ကြယ်သော သဘောမရှိဟု ပြောဆိုသော ထိုသူသည် မိမိကိုယ်တိုင်ပင် ငြင်းခုံမှုကို ဆောင်ရွက်သည်မည်ရာ၏။

(၁၇) လောက၌ ထိုသူသည် ဒိဋ္ဌိအယူဝါဒ၌တည်၍ မိမိကိုယ်တိုင် နှိုင်းချိန်လျက် (မိမိ၏အယူကို) အထက်၌ထား၍ ငြင်းခုံခြင်းသို့ ရောက်၏။ လောက၌ (သူတော်ကောင်း) ဖြစ်သော ပုဂ္ဂိုလ်သည်ကား အလုံးစုံသော ဒိဋ္ဌိ အယူဝါဒတို့ကို စွန့်ပယ်ပြီးဖြစ်၍ ငြင်းခုံခြင်းကိုမပြု။

(သုတ္တနိပါတ်ပါဠိတော် မြန်မာပြန်)

## တုဝဋ္ဋကသုတ်

**(သဒ္ဓါစရိုက် ရှိသူများအတွက်)**

(၁) (အမေး) နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားအား မေးလျှောက်ပါ၏။ မြတ်သော သီလက္ခန္ဓ စသော တရားကို ရှာမှီးတော်မူသော မြတ်စွာဘုရား- လောက၌ ရဟန်းသည် ကာယဝိဝေက စသော ဆိတ်ငြိမ်မှု ဝိဝေကကို လည်းကောင်း၊ (ရာဂ စသည်တို့) ငြိမ်းအေးရာ နိဗ္ဗာန်ကို လည်းကောင်း အဘယ်သို့ ရှုမြင်သည် ရှိသော် (ရုပ် စသော) တစ်စုံတစ်ခုကို စွဲလမ်းမယူမူ၍ မိမိသန္တာန်၌ ရာဂ စသည်ကို ငြိမ်းအေးစေနိုင်ပါသနည်း။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)-

(၂) (ရဟန်းသည်) သံသရာကို ချဲ့ထွင်တတ်သော တဏှာ ဒိဋ္ဌိ ဟူသော ပပဉ္စတရား၏ အရင်းမူလ ဝိဇ္ဇာ စသည်ကို လည်းကောင်း၊ (ရုပ် စသော ခန္ဓာငါးပါး၌) ငါဟူသော ထောင်လွှားမှု "အသ္မိမာန" ကို လည်းကောင်း ဤအလုံးစုံကို ပညာဖြင့် အကြွင်းမဲ့ ချုပ်စေရာ၏။ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော တဏှာအားလုံးတို့ကို ပယ်ဖျောက်ခြင်းငှာ အခါ ခပ်သိမ်း သတိနှင့် ပြည့်စုံသည်ဖြစ်၍ ကျင့်ရာ၏။

(၃) အကြင်ပုဂ္ဂိုလ်သည် မိမိကိုစွဲ၍ ဖြစ်သော ဂုဏ်အားလုံးကို လည်းကောင်း၊ ထိုမှတစ်ပါးသော ဆရာဥပဇ္ဈာယ်တို့ကို စွဲ၍ဖြစ်သော ဂုဏ်အားလုံးကို လည်းကောင်း သိရာ၏။ ထိုပုဂ္ဂိုလ်သည် ထိုသိသမျှသော မိမိဂုဏ်၊ ဆရာသမားဂုဏ်ဖြင့် ခက်ထန်မှုမာနကို မပြုရာ။ ထိုခက်ထန်မှုမာနကို ငြိမ်းအေးကြောင်း ဟူ၍ သူတော်ကောင်းတို့ မဆိုကြကုန်။

(၄) ထိုမာနဖြင့် ငါသည် မြင့်မြတ်သူ ဟူ၍ လည်းကောင်း၊ ယုတ်နိမ့်သူ ဟူ၍ လည်းကောင်း၊ ထို့ပြင် တူညီသူ ဟူ၍ လည်းကောင်း မမှတ်ထင်ရာ။ များစွာသော အခြင်းအရာတို့ဖြင့် ပြည့်စုံသူ ဟူ၍ မိမိကိုယ်ကို အထူးကြံစည်လျက် မတည်ရာ။

(၅) ရဟန်းသည် မိမိသန္တာန်၌ဖြစ်သော (ရာဂ စသော) ကိလေသာကိုသာလျှင် ငြိမ်းစေရာ၏။ (သတိပဋ္ဌာန် စသည်တို့မှ) တစ်ပါးသော မိစ္ဆာအကျင့်ဖြင့် ငြိမ်းအေးမှုကို မရှာမှီးရာ။ မိမိသန္တာန်၌ ဖြစ်သော (ရာဂ စသော) ကိလေသာကို ငြိမ်းအေးစေပြီးသူအား မိမိကိုယ် ဟူသော (အတ္တဒိဋ္ဌိ) အယူမရှိ။ အတ္တမှ ကင်းသော (ဥစ္ဆေဒဒိဋ္ဌိ) အယူသည်ကား အဘယ်မှာ ရှိတော့အံ့နည်း။

(၆) သမုဒ္ဒရာ၏ (အောက်အထက်သို့) အလယ်၌ လှိုင်းတံပိုးတို့ မဖြစ်မူ၍ (မတုန်မလှုပ်) တည်သကဲ့သို့ ဤအယူတဏှာကင်းသူသည် (လောကဓံတရား ရှစ်ပါးကြောင့် မတုန်မလှုပ်) တည်၏။ ရဟန်းသည် တစ်စုံတစ်ခုသော

အာရုံကြောင့် (ရာဂ စသည်) ထူပြော များပြားခြင်းကို မပြုရာ။

(၇) အပိတ်အပင် မရှိ ပွင့်ပွင့်လင်းလင်း မြင်စွမ်းနိုင်သော မြတ်စွာဘုရား– (မြတ်စွာဘုရားသည် ထင်ရှား မထင်ရှားသော) ဘေးရန် ဖျက်ဆီးတတ်သော ကိုယ်တိုင် မျက်မှောက်ပြု၍ သိပြီးသော တရားကို ဟောကြားခဲ့ပါပြီ။ အရှင်ဘုရား မဂ်ဖိုလ် နိဗ္ဗာန်နှင့်လျော်သော ကျင့်စဉ်ကို လည်းကောင်း၊ ပါတိမောက္ခသံဝရသီလကို လည်းကောင်း၊ တည်ကြည်မှု သမာဓိကို လည်းကောင်း ဟောတော်မူပါလော့။

(၈) (အဖြေ) မျက်စိတို့ဖြင့် လျှပ်ပေါ်သည် မဖြစ်ရာ။ တိရစ္ဆာနကထာ ဟူသော ရွာသူတို့၏ စကားမှ နားကို ပိတ်ပင်တားဆီးရာ၏။ ရသာရုံ၌လည်း မမက်မောရာ။ လောက၌ တစ်စုံတစ်ခုကိုမျှလည်း (တဏှာ ဒိဋ္ဌိတို့ဖြင့်) မမြတ်နိုးရာ။

(၉) ရဟန်းသည် အနာရောဂါ ဟူသော အတွေ့ဖြင့် တွေ့ကြုံသောအခါ တစ်စုံတစ်ခုသော အကြောင်းကြောင့် ငိုကြွေးခြင်းကို မပြုရာ။ (ကာမ စသော) ဘဝကိုလည်း မတောင့်တရာ။ ကြောက်မယ်ဖွယ် ဘေးရန်တို့ကြောင့်လည်း မတုန်လှုပ်ရာ။

(၁၀) ထမင်း (မုန့်ငါး စသည်) တို့ကို လည်းကောင်း၊ (ရှစ်ပါးသော) အဖျော်တို့ကို လည်းကောင်း၊ (မုန့် သစ်သီး စသော) ခဲဖွယ်တို့ကို လည်းကောင်း၊ အဝတ်တို့ကို လည်းကောင်း ရသည်ရှိသော် သိုမှီးမှုကို မပြုရာ။ ထိုထမင်း စသည်တို့ကို မရသော်လည်း မစိုးရိမ် မထိတ်လန့်ရာ။

(၁၁) ရှာန်၌ မွေ့လျော်သော ရဟန်းသည် လှည့်လည်သွားလာခြင်းဖြင့် ခြေလျှပ်ပေါ်သူ မဖြစ်ရာ။ (လက်ခြေဆော့ခြင်းစသော လှုပ်ရှားမှု) ကုက္ကုစ္စမှ ရှောင်ကြဉ်ရာ၏။ (ကုသိုလ်တရားတို့၌ မမေ့မလျော့ရာ။ အသံ တိတ်ဆိတ်ကုန်သော နေရာ အိပ်ရာတို့၌ နေရာ၏။)

(၁၂) (ကိလေသာကို) ပူပန်စေတတ်သော လုံ့လရှိသူသည် အိပ်ခြင်းကို များစွာမပြုရာ။ နိုးကြားမှု ဝီရိယကို မှီဝဲရာ၏။ ပျင်းရိမှုကို လည်းကောင်း၊ လှည့်ပတ်မှု မာယာကိုလည်းကောင်း၊ ရယ်ရွှင်မှုကို လည်းကောင်း၊ မြူးထူးကစားမှုကို လည်းကောင်း၊ မေထုန်အကျင့်ကို လည်းကောင်း၊ အသုံးအဆောင်နှင့်တကွ ခန္ဓာကိုယ်ကို တန်ဆာဆင်မှုကို လည်းကောင်း ပယ်စွန့်ရာ၏။

(၁၃) (ရတနာသုံးပါးကို) မြတ်နိုးသူ သူတစ်ပါးတို့ နှိပ်စက်ကြောင်း (အာထဗ္ဗဏ) အတတ်ကို လည်းကောင်း၊ အိပ်မက်ကျမ်းကို လည်းကောင်း၊ လက္ခဏာကျမ်းကို လည်းကောင်း၊ ထို့ပြင် နက္ခတ်ကျမ်းကို လည်းကောင်း၊ သားငှက် စသည်တို့၏ မြည်သံ တွန်သံကို သိသော အတတ်ကို လည်းကောင်း၊ ကိုယ်ဝန်တည်ရေး ဆေးပေးခြင်းကို လည်းကောင်း မစီရင်ရာ။ ဆေးကုခြင်းကိုလည်း မမှီဝဲ မလိုက်စားရာ။

(၁၄) ရဟန်းသည် ကဲ့ရဲ့ခြင်းကြောင့် မတုန်လှုပ်ရာ။ အချီးမွမ်းခံရသော်လည်း မတက်ကြွရာ။ ဝန်တိုခြင်းနှင့်တကွ လိုချင်မှု လောဘကို လည်းကောင်း၊ အမျက်ထွက်မှု ကောဓကို

လည်းကောင်း၊ ချောပစ်ကုန်းတိုက်မှာကို လည်းကောင်း ပယ်ဖျောက်ရာ၏။

(၁၅) ရဟန်းသည် ဝယ်ခြင်း ရောင်းခြင်း၌ မတည်ရာ။ တစ်စုံ တစ်ခုသော အကြောင်းကြောင့်မျှ စွပ်စွဲကြောင်း ကိလေသာကို မဖြစ်စေရာ။ ရွာ၌လည်း (လူတို့နှင့်) မရောယှက် မကပ်ငြိရာ။ လာဘ် လိုချင်မှု ဟူသော အကြောင်းကြောင့် လူအပေါင်းကို မြှောက်ပင့် နှိမ့်ချ၍ မပြောဆိုရာ။

(၁၆) ရဟန်းသည် ဝါကြွားတတ်သူ မဖြစ်ရာ။ (သင်္ကန်း စသော ပစ္စည်းရရေးနှင့်) စပ်သော စကားကို မပြောဆို ရာ။ (ကိုယ် နှုတ် စိတ်) ကြမ်းတမ်း ရိုင်းစိုင်းမှုကို မပြု ကျင့်ရာ။ ငြင်းခုံသော စကားကို မပြောဆိုရာ။

(၁၇) ဆင်ခြင်ဉာဏ် သမ္ပဇဉ် ရှိသူသည် မုသားစကား မပြော ဆိုရာ။ ခေါင်းပါးသော အသက်မွေးခြင်းဖြင့် လည်းကောင်း၊ ပညာဖြင့် လည်းကောင်း၊ စောင့်ထိန်းမှု သီလ ရှုတင် ဆောက်တည်မှု 'ဝတ' ဖြင့် လည်းကောင်း အခြားသူတို့ ကို မထီမဲ့မြင် မအောက်မေ့ရာ။

(၁၈) သူတစ်ပါးတို့ ဖျက်ဆီးကဲ့ရဲ့ရသော ရဟန်းသည် ပရဗိုဇ် ရဟန်းတို့၏ လည်းကောင်း၊ များစွာသော သူတို့၏ လည်းကောင်း များစွာသော စကားကို ကြားရသည်ရှိ သော် ထိုသူတို့ကို ကြမ်းကြုတ်သော စကားဖြင့် တုံ့ပြန် မပြောဆိုရာ။ မှန်၏– သူတော်ကောင်းတို့သည် ရန်တုံ့မူ ခြင်းကို မပြုကြကုန်။

(၁၉) စုံစမ်းဆင်ခြင်သော ရဟန်းသည် ထိုဟောခဲ့ပြီးသော တရားကိုလည်း သိ၍ အခါခပ်သိမ်း သတိနှင့် ပြည့်စုံ

သည်ဖြစ်လျက် ကျင့်ရာ၏။ (ရာဂ စသည်တို့) ငြိမ်းအေးရာ သဘောတရားကို သန္တိသုခ နိဗ္ဗာနဓာတ်ဟု သိ၍ ဂေါတမနွယ်ဖွား မြတ်စွာဘုရား၏ သာသနာတော်၌ မမေ့မလျော့ရာ။

(၂၀) အာရုံ ခြောက်ပါးတို့ကို လွှမ်းမိုးနိုင်သည် ဖြစ်၍ ကိလေသာတို့က မနှိပ်စက်နိုင်သော ထိုမြတ်စွာဘုရားသည် (တစ်ဆင့်ကြား မဟုတ်) မိမိ (ကိုယ်တော်တိုင်) မျက်မှောက်ပြုသော တရားကို မြင်တော်မူ၏။ ထို့ကြောင့်ပင်လျှင် ထိုမြတ်စွာဘုရား၏ သာသနာတော်၌ မမေ့မလျော့ အခါခပ်သိမ်း ရှိသေကိုင်းညွတ်သည်ဖြစ်၍ ကျင့်ရာ၏။

(သုတ္တနိပါတ်ပါဠိတော် မြန်မာပြန်)

# ပုရာဘေဒသုတ်

## (ဗုဒ္ဓစရိုက် ရှိသူများအတွက်)

(၁) အဘယ်သို့သော ဉာဏ်အမြင်ရှိသူနှင့် အဘယ်သို့သော သီလရှိသူကို (ကိလေသာတို့မှ) ငြိမ်းပြီးသောသူ ဟူ၍ ဆိုအပ်ပါသနည်း။ ဂေါတမနွယ်ဖွား မြတ်စွာဘုရား မေးအပ်သော အရှင်ဘုရားသည် ထိုသို့ သဘောရှိသော မြတ်သောသူကို အကျွန်ုပ်အား ဟောကြားတော်မူပါလော့။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)–

(၂) အကြင်ပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ မပျက်စီးမီ တပ်မက်မှု တဏှာကင်းပြီးသူ ဖြစ်၏။ (တဏှာ ဒိဋ္ဌိ ဟူသော) ရှေးအတိတ် အဖို့အစုကို မမှီသူ ဖြစ်၏။ အလယ် (ပစ္စုပ္ပန်) ကာလ၌ တပ်မက်သူ စသည်ဖြင့် ရေတွက်အပ်သူ မဟုတ်။ ထိုရဟန္တာ ပုဂ္ဂိုလ်အား အနာဂတ်ကာလ၌ တပ်မက်သူ စသည်ဖြင့် ရေတွက်အပ်သူ မဟုတ်။ ထိုရဟန္တာအား အနာဂတ်ကာလ၌ (တဏှာ ဒိဋ္ဌိ ဟူသော) ရှေ့သွား မရှိ။ (ထိုပုဂ္ဂိုလ်ကို ငြိမ်းပြီးသောသူ ဟူ၍ ငါဆို၏)။

(၃) (အကြင်ပုဂ္ဂိုလ်သည်) အမျက်ဒေါသ မရှိသူ ထိတ်လန့်ခြင်း မရှိသူ သီလ စသည်ဖြင့် မကြွားဝါးသူ ကုက္ကုစ္စမရှိသူ

အမြော်အမြင် ပညာဖြင့် ပြောဆိုတတ်သူ ပျံ့လွင့်ခြင်း မရှိသူ နူတ်စောင့်စည်းသူ သိတတ်သော ဉာဏ်ရှိသူ ဖြစ်၏။ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူ ဟူ၍ ငါဆို၏)။

(၄) (အသင်ပုဂ္ဂိုလ်သည်) အနာဂတ်ကာလ၌ ကပ်ငြိမှု တဏှာ ကင်း၏။ အတိတ်ကိုပြန်၍ မစိုးရိမ်။ ပစ္စုပ္ပန် စက္ခုသမ္ဖဿ စသည်တို့နှင့် အတ္တ စသည်မှ ကင်းဆိတ်သည်ကို ရှုမြင်၏။ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိ တို့၏ အဆောင်ယူ မခံရ။ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူ ဟူ၍ ငါဆို၏)။

(၅) (အကြင်ပုဂ္ဂိုလ်သည်) ရာဂ စသည်တို့မှ ကင်း၏။ အံ့သြဖွယ်ကို မပြုတတ်။ တပ်မက်မှု တဏှာ မရှိ။ ဝန်တိုမှု ကင်း၏။ ကိုယ်အမူအရာ စသည် ကြမ်းတမ်းမှုကင်း၏။ စက်ဆုပ်ဖွယ် ပုဂ္ဂိုလ် မဟုတ်။ ချောပစ် ကုန်းတိုက်မှု၌လည်း မယှဉ်။ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူ ဟူ၍ ငါဆို၏)။

(၆) (အကြင်ပုဂ္ဂိုလ်သည်) သာယာဖွယ် ကာမဂုဏ်တို့၌ သာယာမှု မရှိ။ အလွန်ထောင်လွှားမှု မာန၌လည်း မယှဉ်။ ကာယကံ စသည်တို့ဖြင့် နူးညံ့သိမ်မွေ့၏။ ပဋိဘာန် (ပညာဉာဏ်) လည်းရှိ၏။ သာသနာတော်မှတစ်ပါး အခြားအယူကို မယုံကြည် တပ်ခြင်းကင်းပြီး ဖြစ်၏။ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူ ဟူ၍ ငါဆို၏)။

(၇) (အကြင်ပုဂ္ဂိုလ်သည်) လာဘ်ကို လိုသဖြင့် ပရိယတ်ကို

မသင်ယူ။ လာဘ်မရခြင်းကြောင့်လည်း အမျက်မထွက်။ ဆန့်ကျင်မှု မရှိသည်ဖြစ်၍ တဏှာဖြင့် ရသာရုံကိုလည်း မမက်မော။ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသော သူ ဟူ၍ ငါဆို၏)။

(၈) လောက၌ အကြင်ပုဂ္ဂိုလ်သည် လျစ်လျူရှုမှု ဥပေက္ခာနှင့် ပြည့်စုံ၏။ အခါခပ်သိမ်း အမှတ်ရမှု သတိရှိ၏။ သူနှင့် တူသူဟု (သဒိသမာန်ဖြင့်) မမှတ်ထင်။ သူ့ထက် ထူးမြတ်သူဟု (ပဏီတမာန်ဖြင့်) မမှတ်ထင်။ သူ့အောက်ယုတ်သူဟု (ဟီနမာန်ဖြင့်) မမှတ်ထင်။ ထိုရဟန္တာ ပုဂ္ဂိုလ်အား ရာဂ စသော ပွားစီးခြင်းတို့သည် မရှိကုန်။ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းအေးပြီးသောသူ ဟူ၍ ငါဆို၏)။

(၉) အကြင်ရဟန္တာ ပုဂ္ဂိုလ်အား (တဏှာ ဒိဋ္ဌိ ဟူသော) မှီရာတို့သည် မရှိကုန်။ အကြင်ရဟန္တာ ပုဂ္ဂိုလ်သည် တရားကို သိ၍ (တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီ။ အကြင် ရဟန္တာပုဂ္ဂိုလ်အား သဿတဒိဋ္ဌိ ဖြစ်ခြင်းငှာ လည်းကောင်း၊ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ခြင်းငှာ လည်းကောင်း တပ်မက်မှုတဏှာ မရှိ။ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူ ဟူ၍ ငါဆို၏)။

(၁၀) ထိုရဟန္တာ ပုဂ္ဂိုလ်အား အထုံးအဖွဲ့ ဂန္ထတရား လေးပါးတို့ မရှိကုန်။ ထိုရဟန္တာ ပုဂ္ဂိုလ်သည် ကပ်ငြိတတ်သော တဏှာကို လွန်မြောက်၏။ ဝတ္ထုကာမ ကိလေသာကာမ တို့၌ ငဲ့ကွက်ခြင်း မရှိသော ထိုပုဂ္ဂိုလ်ကို (ကိလေသာတို့မှ) ငြိမ်းပြီးသောသူဟူ၍ ငါဆို၏။

(၁၁) ထိုရဟန္တာ ပုဂ္ဂိုလ်အား သားသမီးတို့သည် လည်းကောင်း၊

(ကျွဲ နွား စသော) သတ္တဝါတို့သည် လည်းကောင်း၊ သလေး စပါးခင်း စသော လယ်သည် လည်းကောင်း၊ အိမ်နေရာ စသော မြေယာသည် လည်းကောင်း မရှိကုန်။ ထိုပုဂ္ဂိုလ်၌ အတ္တရှိ၏ဟု ယူသော သဿတဒိဋ္ဌိတို့ကို လည်းကောင်း၊ အတ္တ ပြတ်၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိတို့ကို လည်းကောင်း မရအပ်။ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူဟူ၍ ဆိုအပ်၏)။

(၁၂) အကြင် (ရာဂ စသော) အပြစ်ဖြင့် ထိုပုဂ္ဂိုလ်ကို ပုထုဇဉ်တို့သည် လည်းကောင်း၊ သမဏ ဗြာဟ္မဏတို့သည် လည်းကောင်း (တပ်မက်သူ ပြစ်မှားတတ်သူဟု) ဆိုကုန်ရာ၏။ ထိုရဟန္တာ ပုဂ္ဂိုလ်သည် ထို (ရာဂ စသော) အပြစ်ကို (တဏှာ ဒိဋ္ဌိဖြင့်) ရှေ့သွားမပြုအပ်။ ထိုသို့ ရှေ့သွားမပြုသည့်အတွက် စွပ်စွဲကဲ့ရဲ့သော စကားတို့ကြောင့် မတုန်လှုပ်။ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူဟူ၍ ဆိုအပ်၏)။

(၁၃) အကြင် ရဟန္တာပုဂ္ဂိုလ်သည် တပ်မက်မှုတဏှာ ကင်း၏။ ဝန်တိုမှု မစ္ဆရိယကင်း၏။ ထူးမြတ်သောသူတို့ အတွင်း၌ (ငါထူးမြတ်သူဟု) မဆို။ တူညီသူတို့ အတွင်း၌ (ငါတူညီသူဟု) မဆို။ ယုတ်ညံ့သောသူတို့ အတွင်း၌ (ငါယုတ်ညံ့သူဟု) မဆို။ ကြံစည်မှုကင်းသည်ဖြစ်၍ တဏှာ ဒိဋ္ဌိအားဖြင့် နှစ်ပါးသော ကြံစည်ခြင်းသို့ မရောက်။ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူဟူ၍ ဆိုအပ်၏)။

(၁၄) လောက၌ အကြင်ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်အား မိမိ၏ ဥစ္စာဟု (သိမ်းဆည်းမှု) မရှိ။ အကြင် ရဟန္တာပုဂ္ဂိုလ်သည်

ဖောက်ပြန် ပျက်စီးသွားသော ဝတ္ထုကြောင့်လည်း မစိုးရိမ်။
တရားအားလုံးတို့၌လည်း (ဆန္ဒာဂတိ စသည်သို့) မလိုက်။
ထိုပုဂ္ဂိုလ်ကို (ကိလေသာတို့မှ) ငြိမ်းပြီးသောသူဟူ၍
ဆိုအပ်၏ ။

(သုတ္တနိပါတ်ပါဠိတော် မြန်မာပြန်)

# နိဂုံး

သန္တိသုခ၊ အိုအလှ
ချမ်းမြကြည်လင်၊ ရောင်မျက်ရှင်ကို
တွေ့ချင်သည့်တွက်၊ အပြင်ထွက်၍
ရက်ဆက်မနား၊ မြို့ရွာများနှင့်
တောင်ကြားချောက်မြောင်၊ တောသုံးတောင်၌
စုံအောင်ပတ်ချာ၊ လှည့်လည်ရှာလည်း
ဘယ်မှာတွင်မျှ၊ မတွေ့ရ၍
နွမ်းလျခွေကာ၊ ပြန်ရောက်လာမှ
ရောင်ဝါလဲ့ပြုံး၊ အလှဆုံးကို
နှလုံးသားတွင်၊ ရုတ်ခြည်းမြင်သည်
အရှင်ရက်စက်–လွန်းတကား။ ။

**သော်ဇင်**

၁၅–၆–၈၀